MyJustice

Funded by: European Union

Implemented by: BRITISH COUNCIL

Partnership with: NAMATI INNOVATIONS IN LEGAL EMPOWERMENT

# မြန်မာနိုင်ငံ မြေယာ အခွင့်အရေးအပေါ် ကျား-မရေးရာ ခွင့်တူညီမျှမှု ရှုထောင့်မှ သုံးသပ်ခြင်း - ၂

## ရပ်ရွာအခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများ၏ မြေယာ အမှုတွဲများမှရ ရှိသည့် တွေ့ရှိချက်များ

ဇွန်လ ၂၀၁၉



www.namati.org

# ကျေးဇူးတင်လွှာ

Namati အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ယခုသုံးသပ်ချက်ကို Namati မှ ဒေါ်ခင်ထက်ဝေနှင့် Ashley van Waes တို့က သုတေသနပြုလုပ်၍ ပြုစုရေးသားခဲ့ကြသည်။ဤစာတမ်းကိုရေးသားသူအား khinhtetwai@namati.org နှင့် myanmar@namati.org မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။ ယခုသုံးသပ်ချက်ကို Vivek Maru ၊ Erin Kitchell နှင့် Tim Millar တို့က တည်းဖြတ်ပေးခဲ့သည့်အတွက် ထိုသူတို့၏ပံ့ပိုးကူညီမှုများကို စာရေးသူများမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ရပ်ရွာအသိုက်အဝန်းများကို ယင်းတို့၏ မြေယာအခွင့်အရေး တောင်းဆိုရာတွင် ပံ့ပိုးကူညီခဲ့ကြသော ဥပဒေအထောက်အကူပြုသူများ၏ မနားတမ်းကြိုးပမ်းလုပ်ဆောင်မှုများသာ မရှိခဲ့လျှင် ယခုသုံးသပ်ချက် ပြီးမြောက် နိုင်မည်မဟုတ်ပေ။ ယခုသုံးသပ်ချက်အပေါ် အကြံပေးခြင်း၊ ကူညီပံ့ပိုးခြင်းတို့အတွက် ယင်းတို့၏အချိန်နှင့် ကြိုးစား အားထုတ်မှုများစွာ ပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့အား ပံ့ပိုးခဲ့ကြသော၊ အကြံပြုချက်နှင့် အကူအညီပေးခဲ့ကြသော၊ ယင်းတို့၏ နေအိမ်များနှင့် ရပ်ရွာဒေသများတွင် နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြသော ဥပဒေအထောက်အကူပြုသူများကို အထူးပင်ကျေးဇူးတင်ရှိပါ သည်။ ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုတန်ဖိုးထားပြီး ကျေးဇူးတင်ထိုက်သူများမှာ - နော်မာလာသိန်း၊ မောရှေ(အာခါ)၊ ဒေါ်နန်းလိတ်၊ ဒီနာ၊ ရီဘက်ကာ၊ ဝင်းစန္ဒာထွေး၊ ထွန်းထွန်းမြင့်၊ သင်းအိအိစိုး၊ ထူးထူးသော်၊ အေးစော၊ မောရှေ (လားဟူ)၊ စိုင်းထောင်၊ စိုင်းစိန်ဝင်းထွန်း၊ ဒါဝီ၊ ဝီလျံ၊ နန်းထောင်ရှမ်း၊စိုင်းမွန်းရာဇာတို့ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် အထူးကျေးဇူးတင်ထိုက်သူအဖြစ် ဖော်ပြလိုသည်မှာ ဦးတည်အုပ်စုဆွေးနွေးပွဲများအား လက်ခံကျင်းပ ပေးပါသော ရပ်ရွာဒေသများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းနိုင်ရေးအတွက် စီစဉ်ပေးခဲ့ရုံမက ယခုသုံးသပ်ချက်အတွက်လည်း လိုအပ်သော နောက်ဆက်တွဲသတင်းအချက်အလက်များ ပံ့ပိုးပေးခဲ့သော ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းမှ သံလွင်သစ္စာအဖွဲ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း Namati ၏ လုပ်ငန်းများမှာလည်း ဒေသခံ လုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုးကူညီမှုများနှင့် ဥပဒေအထောက်အကူပြုသူများ၏ အချိန်ပေး နစ်မြှုပ်လုပ်ကိုင်မှုပေါ် အမှီပြုနေရသည်။ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများမှာ Green Peasant Institute (ဧရာဝတီ)၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး လှုပ်ရှားမှုအဖွဲ့ (Civil and Political Rights Campaign Group) (ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် ရခိုင်ပြည်နယ်တောင်ပိုင်း) နှင့် သံလွင်သစ္စာ (ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့ဖြစ်ကြောင်း ကျေးဇူးတင်ရှိစွာ မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

# အနှစ်ချုပ်ဖော်ပြချက်

မြေယာပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု ကျယ်ပြန့်ပြည့်စုံပြီး ရေရှည်တည်တံ့ရေးအတွက် ပဓာန ကျ ပေ သည်။ လက်ရှိဖြစ်ပေါ်နေသော ရှုပ်ထွေးလှသည့်မြေသိမ်းယူမှုသမိုင်းကြောင်းနှင့်ပဋိပက္ခများသည် မြောက်မြား စွာသော လုပ်ကွက်ငယ် လယ်သမားများ တို့၏ဘဝတွင် ဘက်ပေါင်းစုံမှစိမ့်ဝင်ပျံ့နှံ့လျက်ရှိရာ ၎င်းတို့အနေဖြင့် သက်မွေး လုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ရယူနိုင်ရေးအတွက်ကို ရုန်းကန်ကြရဦးမည်ဖြစ်သည်။[1] အမျိုးသား မြေအသုံး ချရေးမူဝါဒအရ လုပ်ကွက်ငယ်တောင်သူ လယ်သမားများအတွက် လွတ်လပ်စွာလုပ်ကိုင်ခွင့်များ တိုးတက်လာသည် မှန်သော်လည်း တရားဝင်နှင့် ဓလေ့ထုံးစံအရ မြေယာ အုပ်ချုပ်မှုစနစ်၊ မြေယာလုပ်ကိုင်ခွင့်စနစ်များတွင် အမျိုးသားများကသာ လွှမ်းမိုးချုပ်ကိုင်၍ စီမံခန့်ခွဲနေကြဆဲပင်ဖြစ်သည်။ မြေယာ စီမံအုပ်ချုပ်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသန္တရ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် ဝင်ရောက်ပြော ဆိုတင်ပြခြင်းတို့တွင် ကျေးလက်ဒေသ အမျိုးသမီးများမှာ ချန်ထားခံ နေရဆဲပင်ဖြစ်သည်။[2] မကြာသေးမီက ပြုလုပ်ခဲ့သည့် မြေယာပြုပြင်ပြောင်းလဲရေးနှင့် လက်ရှိမြေဥပဒေများတွင် အမျိုးသမီးများ မြေပိုင်ဆိုင်ရေးအတွက် လိုအပ်သည့်နည်းလမ်းများ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမှာ သိသာ ထင်ရှားမှုမရှိဘဲ အနည်းငယ်သာတွေ့ရသည်။ မြန်မာနိုင်ငံ မြေယာ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်မှုတွင် ကျောသားရင်သား မခွဲခြားဘဲ အမျိုးသမီးများ အကျိုးခံစားခွင့် ရရှိရေးကို ဦးတည်ထားသည့် ပိုမိုကောင်းမွန် သောမူဝါဒများနှင့် လုပ်နည်းလုပ်ဟန်များ အကောင်အထည်ဖော်ရန် အခြေခံကျကျ လိုအပ်လျက်ရှိသည်။

Namati သည် ယခုသုံးသပ်ချက်ကို လုပ်ကွက်ငယ်လယ်သမားများ၏ နေ့စဉ်လူမှုဘဝတွင် ကျား-မရေးရာ တန်းတူညီမျှမှုက မည်သို့သက်ရောက်မှု ရှိနေကြောင်းနှင့် မြန်မာနိုင်ငံတွင် ဥပဒေအထောက်အကူ ပြုသူများက ယင်းအတွက် မည်သို့အထောက်အကူ ပေးနိုင်သည်ကို မြင်လာစေရန် တင်ပြခြင်းဖြစ်သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ၂၀၁၆-ခုနှစ်၊ ဧပြီလတွင် ပြုစုထုတ်ဝေခဲ့သည့် သုံးသပ်ချက်ဖြစ်သော **"မြန်မာနိုင်ငံ မြေယာအခွင့်အရေးအပေါ် ကျား-မရေး ရာရှုထောင့်များ"** ကို ပြန်လည်ဆန်းသစ်ထားပြီး Namati ၏ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုမှုဆိုင်ရာ မြေယာအခွင့်အရေး၊ မြေယာစီမံအုပ်ချုပ်မှုအစီအစဉ်နှင့် ပတ်သက်သည့် အတွေ့အကြုံများကို ထပ်မံထင်ဟပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။[3] Namati သည် အမှုတွဲပေါင်း(၄၅၀၀)ကျော်နှင့်ပတ်သက်သည့် အခြေခံ အချက်အလက် မှတ်တမ်းတစ်ခု တည်ဆောက်ထားပြီး အဆိုပါအမှုတွဲလုပ်ငန်းစဉ်မှအချက်အလက်များကို ဤမူဝါဒ သုံးသပ်ချက်အတွက် ကျောထောက် နောက်ခံပြုထားသည်။ ထို့အပြင် အရည်အသွေးအခြေပြု သုတေသနအချက်အလက်များ ဖော်ထုတ်နိုင်ရေး၊ မိရိုးဖလာ ဓါးမဦးချစနစ်များနှင့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးတို့ကြား ဆက်စပ်နေမှုများကို ဆန်းစစ်နိုင်ရေး တို့အတွက် ပဲခူးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကွင်းဆင်းသုတေသနလုပ်ငန်းများလုပ်ဆောင်ခဲ့သည်။ ၂၀၁၆-ခုနှစ်မှစ၍ ပြုပြင် ပြောင်းလဲမှုအချို့ လုပ်ဆောင်ခဲ့ပြီး အမျိုးသားမြေ အသုံးချရေးမူဝါဒနှင့် လိုက်လျောညီထွေရှိရမည့် အရေးကြီးသော မြေယာ ဥပဒေသစ်များ ဆက်တိုက်ရေးဆွဲ အကောင်အထည်ဖော်နေသည့် NLD အစိုးရသစ်လက်ထက်သည် အဆိုပါကိစ္စကို ပြန်လည် ဖော်ထုတ်ရန် အချိန်ကောင်းဖြစ်သည်။

ယခုမူဝါဒသုံးသပ်ချက်သည် မြေယာစီမံအုပ်ချုပ်မှုစနစ်နှင့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးအပေါ် ယင်း၏ အကျိုးသက်ရောက်မှု များ၊ အမျိုးသားများကသာကြီးစိုးလျက်ရှိသည့် အလေ့အထနှင့် မိရိုးဖလာဓါးမဦးချနည်းလမ်းများတွင် ကျား-မ တန်းတူညီမျှမှု ရှိရေးအပေါ် အတားအဆီးများ၊ အမျိုးသမီးများ၏ မြေယာအခွင့်အရေး ကျယ်ပြန့်လာရေးနှင့် မြေယာအုပ်ချုပ်မှုတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် ဥပဒေအထောက်အကူပြုသူများ၏ အခန်းကဏ္ဍတို့ကို လေ့လာတင်ပြထားသည်။ ဤသုံးသပ်ချက်ကို မြန်မာနိုင်ငံအစိုးရ အဖွဲ့နှင့် အရပ်ဖက်အဖွဲ့အစည်းများအတွက် အကြံပြု ချက် များဖော်ပြလျက် နိဂုံးချုပ်ထားသည်။

[1] Namati သည် ၂၀၁၃-မှစ၍ မြေသိမ်းမှုပေါင်း(၅၇၀)ကျော်ကို ဆောင်ရွက်ပေးခဲ့ပြီး မိမိတို့၏အတွေ့အကြုံများအရ မြေအတင်းအကျပ်သိမ်းယူမှုများသည် လယ်သမားများ၏ဘဝကို ဘက်ပေါင်းစုံမှ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည်။ ၂၀၁၆-ခုနှစ် Namati ၏ 'မြန်မာနိုင်ငံမှ တောင်သူလယ်သမားများ အတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် တရားမျှတမှုကို ပြန်လည်တည်ဆောက်နိုင်ရေးတွင် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ' တွင် ဥပမာအဖြစ်လေ့လာနိုင်သည်။

[2] မူဝါဒနှင့် ဥပဒေရေးဆွဲရေးအဆင့်တွင် အမျိုးသမီးများပါဝင်ရေးမှာ အခြင်းအရာပြုလုပ်ခြင်းမဟုတ်ဘဲ ယခုသုံးသပ်ချက်၏ အလေးထားမှုမှာ မြေယာပြဿနာအများစုကို အဆုံးအဖြတ်ပေးနိုင်သည့် ခရိုင်အဆင့်နှင့်အထက် ဒေသဆိုင်ရာ မြေယာအုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့ကို သိမြင်လာစေရန်ဖြစ်သည်။


[3] "မြန်မာနိုင်ငံ မြေယာအခွင့်အရေးအပေါ် ကျား-မရေးရာ ခွင့်တူညီမျှမှု ရှုထောင့်များ။ ဥပဒေအထောက်အကူပြုမှုဆိုင်ရာ အမှုတွဲလုပ်ငန်းများမှ ရရှိလာသည့် အထောက်အထားများ", Namati- ၂၀၁၆။

## ၁. မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှုမှာ မရှိသလောက် နီးပါးဖြစ်

ဤအခန်းတွင် ကျား-မရေးရာ တန်းတူညီမျှမှုအရ မြေယာမှတ်ပုံတင်မှု လက်ရှိအနေအထားများနှင့် မြေယာစီမံအုပ်ချုပ်မှု အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍဆိုသည့် နယ်ပယ် နှစ်ခုကို တင်ပြပေးထားသည်။

### ၁.၁။ လုပ်ကွက်ငယ်တောင်သူလယ်သမားအချို့ ယင်းတို့၏မြေယာပိုင်ဆိုင်မှုကို မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ရရှိခြင်းတို့ အောင်မြင်ခဲ့သည်ဆိုသော်ငြား အဆိုပါကောင်းကျိုးများကို အများစုခံစားနေကြသူများမှာ အမျိုးသားများသာဖြစ်သည်။

မြန်မာ့ဥပဒေများအရ အမျိုးသားနှင့်အမျိုးသမီးတို့သည် မြေယာအမွေဆက်ခံမှုနှင့် ပိုင်ဆိုင်မှုတွင် တန်းတူညီတူ အခွင့်အရေး ရှိကြသည်။ သို့ရာတွင် ယဉ်ကျေးမှုစံနှုန်းများအရ အမျိုးသမီးများသည် အဓိကအားဖြင့် မိခိုသူဇနီးသည်နှင့် မိခင် ဆိုသည့်အခန်းကဏ္ဍကိုသာ တာဝန်ယူကြရပြီး အမျိုးသားများကမူ အိမ်ထောင်ဦးစီးတာဝန် ယူရသည်ဆိုသည့် အယူအဆနှင့်အတူ ကဏ္ဍများ သီသီသာသာပိုင်းခြားထားသကဲ့သို့ ဖြစ်နေသည်။ ထိုအချက် ကြောင့်ပင် မြေယာပိုင်ဆိုင်မှုအများစုကို အိမ်ထောင်ဦးစီးဖြစ်ကြသော အမျိုးသားများကသာ ထိန်းချုပ်ထားနေဆဲဖြစ် သည်။ ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းအရ စုစုပေါင်းလူဦးရေ၏ ၇၀% သည် သက်မွေးဝမ်းကျောင်းမှုအတွက် စိုက်ပျိုးရေးကို အားထားနေကြရသည်။[4] တောင်သူလယ်သမားဦးရေ ထက်ဝက်နီးပါးဖြစ်သည့် **၄၇%** မှာ အမျိုးသမီးများ ဖြစ်ကြသည်။[5] သို့ရာတွင် အမျိုးသမီးများသည်လည်း လယ်ယာမြေပိုင်ဆိုင်သူများ ဖြစ်သင့် သော်ငြား စိုက်ပျိုးမြေအများစုကို အမျိုးသားများကသာ ထိန်းချုပ် ထားကြ ဆဲဖြစ် သည်။





(ပုံ-၁)
အမျိုးသား၊အမျိုးသမီး မြေယာမှတ်ပုံတင်ခြင်းအချိုးအစား

Namati ၏ အမှုတွဲမှတ်တမ်းများ အရ ဥပဒေအထောက်အကူပြု သူများက ဆောင်ရွက်ပေးခဲ့သည့် မြေယာ မှတ်ပုံတင်ရန် ကြိုးပမ်းမှု အားလုံး အနက် အမျိုးသားများမှ မြေယာ မှတ်ပုံတင်ခွင့် လျှောက် ထားမှုမှာ **၈၅%** အထိရှိ သော်လည်း အမျိုးသမီး များ၏ လျှောက်ထားမှုမှာ **၁၅%** မျှသာ ရှိသည်ကို တွေ့ရှိရသဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့အကြား မြေယာပိုင်ဆိုင်မှု မညီမျှခြားနား နေသည်မှာ မြင်သာ ထင်ရှားနေပေသည်။ ထို့အပြင် မြန်မာနိုင်ငံ တွင် မိမိအမည်ဖြင့် လယ်ယာ မြေပိုင်ဆိုင်မှု စာရွက်စာတမ်း(ပုံစံ-၇၊ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြု လက်မှတ်) ပိုင်ဆိုင်မှု တွင်အမျိုးသားများသည် အမျိုးသမီးများထက် **နှစ်ဆ** ပိုများသည်ကို တွေ့ရှိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး များအကြား ခြားနားမှုအချို့ ရှိသော်လည်း ယေဘုယျ အခြေ အနေမှာ မြန်မာတစ်နိုင်ငံလုံး တွင် အလားတူ ဖြစ်သည် (ပုံ-၂ တွင် ကြည့်)။

---

[4] *အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ၂၀၁၄-ခုနှစ်၊ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၄-ည)။*

[5] *မြန်မာနိုင်ငံ ကျား-မရေးရာတန်းတူညီမျှမှုနှင့် အမျိုးသမီးများအခွင့်အရေး။ အခြေအနေဆန်းစစ်လေ့လာမှုအစီရင်ခံစာ-၂၀၁၆။*





ယခုကဲ့သို့ အခွင့်အလမ်း ရရှိမှုကွဲပြား ခြားနားချက်က ကြီးမားသည့် ဇာတ်လမ်း တစ်ပုဒ်ကို ပြောပြနေသည်။ အမျိုးသမီးများတွင် မြေယာပိုင်ဆိုင်မှု လျှောက်ထားနိုင်ခြင်း မရှိသဖြင့် မြေသိမ်းခံရခြင်းနှင့် မြေအငြင်း ပွားမှုများအတွက် ထိခိုက်ခံရ လွယ်မှုများ ပို၍ကြီးမား လာစေသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ပိုင်ဆိုင်မှု စာရွက်စာတမ်းများသည် မြေယာမှတ်ပုံတင်ခြင်းအတွက် လိုအပ်ပြီး ပိုင်ဆိုင်ခွင့်အတွက် အထောက်အကူဖြစ်စေသည့်အပြင် အငြင်းပွားမှုများ အတွက်ကိုပါ ဖြေရှင်းပေးနိုင်သောကြောင့် ဖြစ်သည်။အကယ်၍ မြန်မာနိုင်ငံရှိ မြေယာအားလုံးနီးပါးကို အမျိုးသမီးများထက် အမျိုးသားများကသာ မှတ်ပုံတင်ခွင့်ရရှိ နေမည်ဆိုပါက တန်းတူညီမျှမှု အတွက် တောင်းဆိုရာတွင် အမျိုးသမီးများအဖို့ ပိုမိုခက်ခဲလာနိုင်ပေသည်။ လက်ရှိအခြေအနေအတိုင်း မြေယာမှတ်ပုံတင်ခြင်းကို ရှေ့ဆက်လုပ်ဆောင်ခြင်းက မြေယာအခွင့်အရေးအတွင် ကျား-မရေးရာ ခွင့်တူညီမျှမှုဆိုင်ရာ ဟန်ချက်မညီမှုများ ဖြစ်ပေါ်လာနိုင်ပြီး ယင်းသို့ဖြစ်ပေါ်ခြင်းက အမျိုးသမီးများ၏ လူမှုစီးပွား အနေအထားအပေါ်တွင် အကျိုးသက်ရောက်မှုများသည် ဆယ်စုနှစ်များစွာအထိ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။

## ၁.၂ တရားဝင်ဖွဲ့စည်းထားသည့် မြေယာစီမံခန့်ခွဲရေးအဖွဲ့များတွင် အမျိုးသမီးများပါဝင်မှု မရှိသလောက်နည်းပါး


ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ကျား-မ ရေးရာခွင့်တူညီမျှမှု ကွာဟချက်အညွှန်းကိန်းများအရ မြန်မာနိုင်ငံ၏စီးပွားရေးတွင် အမျိုးသမီးများပါဝင်မှုနှင့် အခွင့်အလမ်းများရရှိမှုသည် အတော်ပင်အားကောင်းသည် (၁၄၄-နိုင်ငံအနက်အဆင့်-၂၆)။ သို့ရာတွင် အမျိုးသမီးများ၏ နိုင်ငံရေးစွမ်းဆောင်ရည်မြင့်မားလာမှုကမူ အလွန်အားနည်းနေပေသေးသည် (၁၄၄ နိုင်ငံအနက် အဆင့် ၁၃၂)။ မြန်မာနိုင်ငံသည် ၂၀၁၅-၁၆ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအနက် အမျိုးသမီးပါဝင်မှုမှာ **(၁၂.၇)** ရာခိုင်နှုန်းမျှသာရှိခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့များတွင် အမျိုးသမီးကိုယ်စားလှယ် ပါဝင်မှု အလွန်နည်းပါးနေပါသေးသည်။[6]

*[6] Minoletti. P, "မြန်မာ့အုပ်ချုပ်ရေးတွင် ကျား-မရေးရာ တန်းတူညီမျှမှု(မညီမျှမှု)။ အတိတ်၊ ပစ္စုပ္ပန်နှင့် အပြောင်းအလဲအတွက် နိုင်ငံရေးဆိုင်ရာ မဟာဗျူ ဟာများ။ အာရှဖောင်ဒေးရှင်း။ ဗြိတိသျှနှင့် ဩစတေးလျ အစိုးရအဖွဲ့များ-၂၀၁၆။*




နမာတိ Namati နှင့်မိတ်ဖက်အရပ်ဖက်အဖွဲ့အစည်းများ၏ ကွင်းဆင်းလေ့လာမေးမြန်းမှု အရလည်း မြေယာအုပ်ချုပ်မှု အဖွဲ့အစည်းများတွင် ကျား-မ ကိုယ်စားပြုမှုအချိုးအစားသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များတွင် အမျိုးသားများကသာ အဓိကအားဖြင့် ပါဝင်လျက်ရှိကြောင်း ပေါ်လွင်နေသည်။[7] အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနများ အပါအဝင် မြေယာနှင့် သက်ဆိုင်သည့်အဖွဲ့ အစည်းများတွင် မြို့နယ်နှင့် ခရိုင်အဆင့်များ၌ အမျိုးသားများနှင့်သာ ပြည့်နေပြီး ပြည်နယ် အဆင့်တွင် အနည်းငယ်လျော့နည်းသော်လည်း **(၈၅)%** သည် အမျိုးသားများသာ ဖြစ်ကြသည် (ပုံ-၃ တွင်ကြည့်)။

(ပုံ-၄) မြေယာစီမံခန့် ခွဲရေးကော်မတီတွင် ကျား၊မပါဝင်မှု အချိုးဆ




Namati၏ အမှုတွဲ အချက်အလက်များက ဖော်ပြနေသည်မှာ မြေယာအဖွဲ့အစည်းများရှိ အစိုးရပိုင်း ရာထူးနေရာများ၏ **(၉၄.၈) %** သည် အမျိုးသားများဖြစ်ကြသည်။ အလားတူပင် အခြားသော မြေယာအုပ်ချုပ်မှုကော်မတီများ (လယ်ယာ မြေစီမံခန့်ခွဲရေး အဖွဲ့၊ လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ် ရေးကော်မတီ) တွင်

*[7] နမာတိနှင့် မိတ်ဖက်အဖွဲ့ အစည်းများသည် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသတွင် အထက်ပါ ဖော်ပြထားသော ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ယခု မှုဂါဒ ရေးရာ စာ စောင်အတွက် သုတေသန မေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။*

အမျိုးသမီးများ ကိုယ်စားပြုမှု **(၅.၂) %** သာရှိပြီး ကော်မတီ အဆင့်ဆင့်တွင် အမျိုးသားများဖြင့်သာ ပြည့်နေသည်။ (ပုံ-၄ တွင်ကြည့်)


မြေယာဥပဒေကို အမျိုးသားများဖြင့်သာ ဖော်ဆောင်နေမည်၊ စီရင်ဆုံးဖြတ်နေမည်ဆိုပါက အမျိုးသမီးများအပေါ် ချုပ်ကိုင် လွှမ်းမိုးမှုများ ဖြစ်လာနိုင်ပြီး မြေယာလျော်ကြေးများ ရရှိရေးအတွက် အဆိုပါအဖွဲ့အစည်းများနှင့် ဈေးစပ် ဆွေးနွေးရာတွင် အမျိုးသမီးများအနေဖြင့် မဂံမရဲဖြစ်ကာ တောင်းဆိုမှုများပြုလုပ်ရာတွင် အားနည်းချက်များ ဖြစ်ပေါ်လာစေသည်။ ဆုံးဖြတ်ချက်ချမှတ်သည့် ဒေသန္တရ အဖွဲ့အစည်းများတွင် အမျိုးသားကြီးစိုးသည့်ပုံစံသည် ကျေးရွာအဆင့်တွင် ပို၍ပင်ခိုင်မာသေးသည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ ဆယ်အိမ်မှူးများ သည် ယင်းတို့ အချင်းချင်းထဲမှ ကျေးရွာအုပ်စု/ရပ်ကွက် အုပ်ချုပ်ရေးမှူးကို ရွေးချယ်ကြသည်။ မဲပေးရွေးချယ်ကြပုံမှာ အိမ်ထောင်ဦးစီးများ (အားလုံး နီးပါးမှာ အမျိုးသားများ)သည် ယင်းတို့အထဲမှ ဆယ်အိမ်မှူးတစ်ဦး(ယင်းသည်လည်း အမျိုးသားသာ)ကို ရွေးချယ်သည်။ ထိုသို့ ရွေးချယ်ထားသည့် ဆယ်အိမ်မှူးများအနက်မှ ကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ရွေးကောက်တင်မြှောက်ကြသည်။

ထိုသို့မဲပေး ရွေးချယ်ကြပုံမှာ ကျား-မရေးရာခွင့်တူညီမျှမှု တစ်ဖက်စောင်းနင်းဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ အခြေအနေက အမျိုးသမီးများ ပါဝင်ခွင့်နှင့် ယင်းတို့၏ပြောရေးဆိုခွင့်အားလုံးကို ကန့်သတ်ချုပ်ချယ်ထားခံရသည်ဖြစ်ရာ အမျိုးသမီးများအတွက် ဆန္ဒမဲပေးခွင့်မရှိခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ဒေသန္တရအဖွဲ့အစည်းများတွင် ပါဝင်ခွင့် မရရှိခြင်း တို့ကိုပါ ဦးတည်သွားစေသည်။

ကျား-မရေးရာခွင့်တူညီမျှမှုမရှိခြင်းကြောင့် **ကျေးရွာအုပ်စု/ရပ်ကွက်ပေါင်း (၁၆,၇၈၅)အနက် (၄၂)ခုသာလျှင် (၀.၂၅ % သို့မဟုတ် တစ်ရာခိုင်နှုန်း၏ လေးပုံတစ်ပုံ) အမျိုးသမီးအုပ်ချုပ်ရေးမှူးများ ထွက်ပေါ်နိုင်ခဲ့သည်။**[8] ထို့အပြင် မြေယာစီမံအုပ်ချုပ်မှုကို ထိန်းချုပ်ထားသည့် အာဏာအရှိဆုံးအဖွဲ့အစည်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အမျိုးသမီးမြို့နယ်အုပ်ချုပ်ရေးမှူး မရှိသလောက်နည်းပါးပါသည်။

သုတေသန တွေ့ရှိချက်များအရ ထိုသို့မြေယာအဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ဒေသန္တရအဖွဲ့အစည်းများ တွင် အမျိုးသားများ လွှမ်းမိုးကြီးစိုးနေမှုကြောင့် အမျိုးသားများ၏ အကျိုးစီးပွားကိုသာ ထင်ဟပ်နေပြီး အနိမ့်ဆုံးအဆင့် အနေဖြင့် အမျိုးသမီးများသည် ယင်းတို့၏ အရေးကြီးပြဿနာများအား ထုတ်ဖော်ပြောဆိုရမည်ကို မဝံ့မရဲဖြစ်စေကာ မြေယာ တောင်းဆိုမှုများကို နှောင့်နှေးစေပါသည်။ ယခုတင်ပြသည့် မူဝါဒသုံးသပ်ချက်အတွက် ပြုလုပ်ခဲ့သော လူတွေ့မေးမြန်းမှုများတွင် ဤအချက်ကို အမျိုးသမီးများက ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အခြားတာဝန်ရှိသူများအား တွေ့ဆုံသည့်အခါတိုင်းတွင် ထိုသူအားလုံးမှာ အမျိုးသား များသာ ဖြစ်နေကြသောကြောင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ခဲ့ခြင်းများ နည်းပါးခဲ့ကြပါသည်ဟု အထူးသဖြင့် တိုင်းရင်းသား ဒေသများမှ အမျိုးသမီးများက ကြိမ်ဖန်များစွာ ပြောကြားခဲ့ပါသည်။

*8. UNDP မြန်မာ၏ ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် ရပ်ကွက် အမျိုးသမီးအုပ်ချုပ်ရေးမှူးတို့၏ ခေါင်းဆောင်မှု ရှုထောင့်- ၂၀၁၅ အစီရင်ခံစာ*




(ပုံ-၅ ) အမျိုးသား အမျိုးသမီး အစိုးရဌာနသို့ မြေယာအမှု များ အတွက်ပ ပျမ်းမျှ သွားရောက်မှု

ဤသို့ မြေယာအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးကိုယ်စားပြုမှု မရှိခြင်းကြောင့် မြေယာပြဿနာ တွေကြုံရင်ဆိုင်နေရမှု အပေါ် ထိခိုက်မှုများဖြစ်ပေါ်လာစေသည်။ Namati၏ အမှုတွဲအချက်အလက် (ပုံ-၅တွင်ကြည့်)များက ညွှန်ပြနေသည်မှာ အစိုးရရုံးများသို့ သွားရောက်မှုတွင် အမျိုးသားအမှုသည်များသည် အမျိုးသမီးအမှုသည်များထက် **နှစ်ဆခွဲကျော်မျှ** ပိုများနေသည်။

အမျိုးသမီးအမှုသည်များသည် ဘာသာစကား အခက်အခဲ၊ စာမတတ်မှု၊ လူမှုစီးပွားအနေအထား အရ လုပ်ပိုင်ခွင့် မညီမျှမှုတို့ကြောင့် စိုးရိမ်၊ ကြောက်ရွံ့နေကြရပြီး အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံရန် မဝံ့မရဲဖြစ်လာကြသည်။ ဆုံးဖြတ် ချက်ချမှတ်သည့်အခန်းကဏ္ဍများတွင် ကိုယ်စားပြုမှု အားနည်းနေသော်ငြား ကျေးလက်ဒေသမှ အမျိုးသမီးများသည် မြေယာအခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ရသည့်အခါများတွင် ထိရောက်စွာ လုပ်ဆောင်နိုင်သူများ ဖြစ်ကြ သည်။

ပြုလုပ်ခဲ့သည့် လူတွေ့မေးမြန်းမှုများတွင် အမျိုးသမီးများသည် အစိုးရတာဝန်ရှိ သူများနှင့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်သည့် အရည်အသွေးများရှိကြောင်း အမျိုးသားရော အမျိုးသမီးများကပါ နားလည်လက်ခံထားကြသည်။ အမျိုးသမီးများသည် နားထောင်ခြင်း၊ လေ့လာသင်ယူခြင်းတို့တွင် ပို၍အသေးစိတ်လုပ်ဆောင်နိုင်ကြပြီး အမျိုးသားများထက်လည်း ပို၍သည်းခံနိုင်စွမ်းရှိသူများအဖြစ် ပြောဆိုကြသည်။

## အခြား မိန်းမသားများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် အမျိုးသမီးများ၏အသံသည် အလွန်အရေးပါသည်

ဒေါ်မော်မော်သည် ရှမ်းပြည်နယ်တောင်ပိုင်းမှ မြေအငြင်းပွားမှုတစ်ခုတွင် ပါဝင်နေသူဖြစ်သည်။ မြေဧကပေါင်း(၄၀၀၀) ကို စစ်တပ်က သိမ်းယူခဲ့သောကြောင့် လယ်သမား (၃၀၀) ကျော် ထိခိုက်နစ်နာခဲ့ရသည်။ စစ်တပ်သည် အဆိုပါမြေများကို ထိန်းသိမ်းထားခြင်းမပြုဘဲ ပုဂ္ဂလိကကုမ္ပဏီများနှင့် လယ်သမားအချို့သို့ လွှဲပြောင်းရောင်းချခဲ့သည် (၂၀၀၄ မှ ယနေ့အထိ)။ ထိုကဲ့သို့ အမြတ်လုပ်ဆောင်မှုက မူလပိုင်ရှင်များမှာ မိမိတို့၏ကိုယ်ပိုင်မြေအတွက် တပ်သို့မြေငှားရမ်းခ ပေးသွင်းပြီးလုပ်ကိုင်ရသည့် သီးစားခံသူများအဖြစ်သို့ ရောက်သွားစေသည်။

ဤအမှုတွင် ဒေါ်မော်မော် သည်လည်း ထောင်တစ်လခန့် ကျခံခဲ့ဖူးပြီး အပြင်းအထန်ဆန့်ကျင် သူတစ်ဦးဖြစ်ခဲ့သည်။ တပ်ကသူမတစ်ဦးတည်းအား သီးခြားခေါ်ယူစည်းရုံး သည့်နည်းလမ်း ကျင့်သုံးခဲ့ သော် လည်း သူမသည် အခြားလယ်သမားများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်ခဲ့သည်။ သူမသည် ရပ်ရွာအစည်းအဝေးများ သို့တက်ရောက်ပြီး အဆိုပါမြေအငြင်းပွားမှုအတွက် ဥပဒေ အထောက်အကူပြုသူ တစ်ဦးနှင့် လက်တွဲလုပ်ကိုင်ခဲ့သည်။ ထို့အပြင် အခြားရွာသူရွာသားများကို ယင်းတို့၏ မြေယာနစ်နာမှုများ အတွက် ပိုင်းဝန်းတောင်းဆိုကြရန်ကိုလည်း စည်းရုံးဆော်ဩခဲ့သည်။

သူမက **"အစပိုင်းမှာတော့ ရွာက ရွာသူရွာသားတွေ ယုံကြည်မှုမရှိကြဘူး၊ သူတို့နစ်နာတာတွေကို ထုတ်ပြောဖို့ကြောက်နေကြတယ်။ ဒါပေမယ့် အခြား လယ်သမားတွေ တရားမျှတမှုရှိရှိ လုပ်နိုင်ကိုင်နိုင်စွမ်းရှိဖို့အတွက် ကျွန်မ စိတ်ရောကိုယ်ပါနှစ်မြှုပ်လုပ်ကိုင်နေတာကို မြင်လာပြီးတဲ့နောက် ကျွန်မနဲ့အတူ လက်တွဲလုပ်ကိုင်လာကြတယ်"** ဟု ပြောပြသည်။

အဆိုပါအမှုကိုဖြေရှင်း ပေးရေးအတွက် အစိုးရအား တိုက်တွန်းလှုံ့ဆော်ရာတွင် အခြားသော အရပ်ဖက်အဖွဲ့အစည်းများ ကွန်ရက်တွင်လည်း သူမပါဝင်လုပ်ဆောင်ခဲ့သည်။ သူမနှင့် အခြားအမျိုးသမီး လယ်သမားများသည် တိုင်စာများရေးသားကာ အစိုးရဌာနများနှင့် ကော်မတီများသို့ ဆယ်ကြိမ်ထက်မနည်း သွားရောက်တင်ပြ၍ အရေးယူဆောင်ရွက်ရန် တွန်းအားပေးခဲ့ကြသည်။ မြေယာအခွင့်အရေးအတွက် တိုက်ပွဲဝင်ရာတွင် အမျိုးသမီးများအနေဖြင့် ဗဟုသုတကြွယ်ဝပြီး ယုံကြည်မှုရှိရန်လိုအပ်သည်ဟု အခိုင်အမာ ယုံကြည်ထားသည့်အလျောက် သူမသိရှိထားသည့် မြေယာဥပဒေ ဗဟုသုတများကို အခြားလယ်သမားများအား ထပ်ဆင့်မျှဝေပေးသည်။ ယင်းအမှုသည် ယနေ့တိုင် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

## ၂. အမျိုးသားနှင့် အမျိုးသမီးတို့အကြား လုပ်ပိုင်ခွင့်ရရှိမှုမညီမျှ ချက်ကိုဖြေရှင်းရာတွင် မြေယာ လုပ်ပိုင်ခွင့် အား ပူးတွဲမှတ်ပုံတင်ခြင်းက ပထမခြေလှမ်းဖြစ်လာနိုင်သည်


*"အရင်ကဆိုရင် မြေယာမှတ်ပုံတင်စာရွက်မှာ ကျွန်မနာမည်ကိုပူးတွဲ ထည့်သွင်းလို့ရမှန်း မသိခဲ့ဘူး။ ကျွန်မခင်ပွန်းမှာ သူ့ပထမအိမ်ထောင်နဲ့ ကလေးနှစ်ဦးရှိခဲ့တာကြောင့် အခုဆိုရင် ကျွန်မကလေးတွေအတွက် ကျွန်မပိုင်သမျှလေးတွေ အမွေပေးခဲ့နိုင်ပါပြီ", မြေယာလုပ်ပိုင်ခွင့်ကို အမည်ပူးတွဲ၍ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ရှမ်းအမျိုးသမီးတစ်ဦး*

> အာခါအမျိုးသမီးတစ်ဦးက *"မြေယာ လုပ်ပိုင်ခွင့် မှတ်ပုံတင် တဲ့အခါ အမည်ပူးတွဲ မှတ်ပုံတင်တာကို ကျွန်မသဘောကျတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ အိမ်ထောင့် တာဝန်တွေကို ကျွန်မယောကျ်ားနဲ့ အတူ ကျွန်မလဲ တာဝန်ယူထားရတာ။ ဒါ့ကြောင့် တန်းတူ ညီတူ ဖြစ်သင့်တယ်။ စိုက်တဲ့ပျိုးတဲ့အခါ ကျွန်မတို့ အတူတူ လုပ်ကြတာလေ။ အတူတူ ပိုင်မှလည်း တရားမှာပေါ့"* ဟု ဖွင့်ဟရှာသည်။

မြေအများစုကို ယောကျ်ားများက ယင်းတို့အမည်များဖြင့် မှတ်ပုံတင်ထားသည်။ ကျေးရွာနှင့် ရပ်ကွက်များတွင် အဓိက အားဖြင့် အုပ်ချုပ်နေသူများမှာ ယောကျ်ားများဖြစ်ပြီး မြေယာ အုပ်ချုပ်ရေးစနစ်တွင်လည်း ယောကျ်ားများကသာ ချုပ်ကိုင် ထားသည်။ ယင်းအခြေအနေမျိုးတွင် အပြောင်းအလဲစတင် ရန် မည်သည့်နေရာက တွန်းအားပေး ရမည်ကို သိရန်ခက်ခဲ သည်။ အစိုးရမြေအငှားချထားမှု နည်းလမ်းများ ပြောင်းလဲ ကျင့်သုံးရေး ကဲ့သို့သော အပြောင်းအလဲများစွာ ပြုလုပ်ရန် လိုအပ် လျက်ရှိသည်ဟု Namati အနေဖြင့် ရှုမြင်ထားသည်။ ယင်းတို့အနက် စတင်လုပ်ဆောင်နိုင်သည့် နေရာမှာ မြေမှတ်ပုံတင်ရာတွင် ပူးတွဲမှတ်ပုံတင်ရေးအတွက် တွန်းအားပေးရန်ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှု အချက်အလက်များက ဖော်ပြနေသည့်အချက်မှာ အိမ်ထောင်ရှင်အမျိုးသမီးများသည် ယင်းတို့၏ ခင်ပွန်းများနည်းတူ မြေပိုင်ဆိုင်ခွင့် တန်းတူရရှိရေးကို ပိုမိုစိတ်ဝင်စား ကြပြီး တစ်ဦးတည်းမှုပိုင်အဖြစ် မှတ်ပုံတင်ထားခြင်းထက် ပို၍သဘောကျကြသည်။ အလားတူ အမည်ပူးတွဲ မှတ်ပုံတင်ထားသည့်မြေတွင် စိုက်ပျိုးလုပ်ကိုင်နေသည့် ရှမ်းအမျိုးသမီးတစ်ဦးက ဖြေဆိုရာတွင် *"ရိုးရာဓလေ့အရတော့ ယောကျ်ားတွေက မိသားစု ထောက်ပံ့ဖို့အတွက် အဓိကဝင်ငွေရှာပေး နေတဲ့သူတွေ ဆိုတာမှန်ပါတယ်။ ဒါပေမယ့် သူတို့ကိုကြီးပဲ အားကိုးနေလို့ကလည်း မရဘူးလေ။ တကယ်လို့ လင်မယားကွာရှင်း ကြပြီဆိုရင် ပိုင်ဆိုင်သမျှလေးတွေကို ခွဲကြခြမ်းကြရတာပဲလေ။ ဒီတော့ ကျွန်မတို့အတွက် လုံခြုံစိတ်ချမှုရှိချင်တာပေါ့။"* ထိုသို့ အမျိုးသမီးများဘက်က စိတ်အားထက်သန်မှုရှိကြသော်လည်း (ပုံ-၆)တွင် ဖော်ပြထားသည့်အတိုင်း ပူးတွဲ အမည်ဖြင့် မြေယာမှတ်ပုံတင်ရန်လျှောက်ထားမှုများမှာ အလွန်နည်းပါးနေသေးသည်။ ၂၀၁၆-ခုနှစ်၌ Namati ၏ ဥပဒေ အထောက်အကူပြုသူများမှ ကိုင်တွယ်ဖြေရှင်းခဲ့သည့် မြေယာမှတ်ပုံတင်အမှု အားလုံးအနက် အမည်ပူးတွဲ မြေမှတ်ပုံတင် သည့်အမှုမှာ ၅% သာရှိသည်။[9] ပူးတွဲမြေယာ မှတ်ပုံတင်သည့် အမှုများသည် မှတ်ပုံတင်သည့်စနစ်အရ ဖြေရှင်းနိုင်ရန် အချိန်များစွာယူရသည်။ သို့ဖြစ်၍ ပူးတွဲမြေယာ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် အချက်အလက် အနည်းအကျဉ်းမျှသာ ရှိနေခြင်းဖြစ်သည်။ မိမိတို့လက်ဝယ်ရှိ အချက်အလက်များအရ အောင်မြင်စွာ ဖြေရှင်းနိုင်သည့် ပူးတွဲမြေယာမှတ်ပုံတင်သည့်အမှု (၂၅)မှုကျော်ခန့်သာရှိပြီး အမှုပြီးဆုံးရန် ပျမ်းမျှရက်ပေါင်း(၄၃၁)ရက် ကြာမြင့်ခဲ့သည်။ အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့သည့် မြေယာလုပ်ပိုင်ခွင့် အမှုများတွင်မူ ပျမ်းမျှရက်ပေါင်း (၂၀၃)ရက်မျှသာ ကြာမြင့်တတ်ကြောင်း တွေ့ရှိရသည်။ စောင့်ဆိုင်းရချိန် ကြာမြင့်ပြီး ဖြေရှင်းနိုင်သည့်နှုန်းထား နည်းပါးနေသဖြင့် မြေယာလုပ်ပိုင်ခွင့်ကို လင်မယားနှစ်ဦးစလုံး၏ ပူးတွဲအမည်ဖြင့် မှတ်ပုံတင်ကြရန် စိတ်ဝင်စားမှုများ လျော့နည်းနေကြ ခြင်းဖြစ်သည်။ နောက်ဆက်တွဲ အနေဖြင့် အမျိုးသမီးများအဖို့ မိမိ၏မြေယာပိုင်ဆိုင်ခွင့် လုံခြုံစိတ်ချမှုရှိစေရေးတွင် မလိုအပ်သော အတားအဆီးများ ဖြစ်ပေါ်စေသည်။ ပူးတွဲ အမည်ဖြင့် မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများက ငြင်းပယ်ခြင်း မရှိကြသော်လည်း အမျိုးသမီးများက မိမိတို့၏အမည်များကို ပူးတွဲဖော်ပြပေးရန် တောင်းဆိုလာကြသည့်အခါ အမျိုးသမီးအမည်ကို

*[9] ၂၀၁၆-ခုနှစ်၌ ဥပဒေအထောက်အကူပြုသူများသည် ပူးတွဲမြေမှတ်ပုံတင်အမှု (၁၃၀) ကို လိုက်ပါကူညီဆောင်ရွက်ပေးခဲ့သည်။*

ထပ်မံပေါင်းထည့်ပေး၍ ရမရ၊ အသစ် သို့မဟုတ် လက်ရှိ ပုံစံ(၇) ထဲ တွင်ပင် အမျိုးသမီး အမည်ကို ပေါင်းထည့်ပေး၍ ရမရကိုသူတို့ကိုယ်တိုင်ပင် ကွဲကွဲပြားပြား မသိကြပေဟု တွေ့ဆုံမေးမြန်းမှုများတွင် လေ့လာတွေ့ရှိခဲ့ရ သည်။




အဆိုပါ ကိန်းဂဏန်း အချက်အလက်များက မြေပူးတွဲမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ပို၍ရှင်းလင်း တိကျရန် လိုအပ်နေကြောင်း၊ ဤဖြစ်စဉ်မျိုးပေါ်ပေါက်လာပါက မည်သည့်လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်ရမည်တို့အပြင် အထူးသဖြင့် ဤလုပ်ငန်းစဉ်များကို အများပြည်သူသိရှိနိုင်စေရန် အလွှာအသီးသီးတွင် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ထားသင့်ကြောင်း ညွှန်ပြနေသည်။ ၂၀၁၂ လယ်ယာမြေဥပဒေတွင် ပူးတွဲပိုင်ဆိုင်မှုကို တားမြစ်ထားခြင်း မရှိသော်ငြား ထို့အတွက်ကို တိကျပြတ်သားစွာဖော်ပြထားခြင်းလည်း မရှိပေ။ ပုံစံ(၇)ပေါ်တွင် ပိုင်ဆိုင်သူ(များ)အမည်ကို ရေးသားဖော်ပြရမည့်နေရာမှာလည်း အနည်းငယ်သာရှိခြင်းကြောင့် ပိုင်ဆိုင်သူအမည်ကို တစ်ခုတည်းသာ ရေးသွင်းရန် လမ်းကြောင်းပေးသလို ဖြစ်နေသည်။ မြေယာလုပ်ပိုင်ခွင့်လက်မှတ်ရရှိထားသော စိုက်ပျိုးရေးမိသားစု၏ အိမ်ထောင်စုဝင်တိုင်းသည် အဆိုပါစိုက်ပျိုးမြေအတွက် လုပ်ပိုင်ခွင့်လက်မှတ်ကို လျှောက်ထား၊ ရယူနိုင်ကြောင်း ဥပဒေတွင် ဖော်ပြပေးထားသည်။

ထို့ကြောင့်လည်း လယ်ယာမြေ လုပ်ပိုင်ခွင့် ပူးတွဲမှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်ရေးအတွက် ၂၀၁၂ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများကို တိကျရှင်းလင်းစွာ ပြင်ဆင်ပြဌာန်းသင့်ပါကြောင်း အကြံပြုတိုက်တွန်းခြင်းဖြစ်သည်။ ထိုကဲ့ သို့ပြင်ဆင်ချက်များသည် အမျိုးသားမြေအသုံးချရေးမူဝါဒပါ ရည်မှန်းချက် တစ်ခုဖြစ်သည့် - အမျိုးသားနှင့် အမျိုးသမီး အခွင့်အရေး တန်းတူညီမျှရေး(အပိုင်း-၉) နှင့်အညီ အမျိုးသမီးများ မြေယာလုပ်ပိုင်ခွင့် လုံခြုံစိတ်ချမှုရှိရေးကို အထောက်အကူပေး နိုင်မည်ဖြစ်သည်။ ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် နိုင်ငံသားအားလုံး တန်းတူညီမျှ ရှိမှုကို အာမခံချက်ပေးခြင်းနှင့် ကျား-မဖြစ်ခြင်းအပေါ် အခြေပြုသည့် ခွဲခြားဆက်ဆံမှုများ ကိုတားမြစ်သည်ဆိုသော ပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီသွားနိုင်မည်ဖြစ်သည်။

## ၃. ကျား-မအခြေပြု အတားအဆီးများနှင့် အမျိုးသားလွှမ်းမိုးမှု အလေ့အထများသည် ရိုးရာဓလေ့ ထုံးတမ်း များတွင်လည်း အမျိုးသမီးများ၏ မြေယာအခွင့်အရေးအပေါ် ရိုက်ခတ်သက်ရောက်ဆဲ

ဤအခန်းတွင် - ရိုးရာဓလေ့အရ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းများတွင် ကျား-မအခြေပြု အတားအဆီးများ၊ ကျား-မရေးရာခွင့်တူညီမျှမှု မညီမျှချက်များနှင့် လုပ်ပိုင်ခွင့်အာဏာခွဲဝေပုံ၊ ရိုးရာဓလေ့ အမွေဆက်ခံမှုစနစ်များအရ တိုင်းရင်းသား အမျိုးသမီးများ၏ မြေယာအခွင့်အရေးများ ဟူသော နယ်ပယ်သုံးရပ်ကို ရည်ညွှန်းဖော်ပြပေးထားပါသည်။

### ၃.၁ ရိုးရာဓလေ့အရ ဆုံးဖြတ်ချက်ချမှတ်သည့်နေရာတွင် ကျား-မရေးရာ ခွင့်တူညီမျှမှု အတားအဆီးများ လွှမ်းမိုးနေဆဲ

*"ကျွန်မတို့ တိုင်းရင်းသား မျိုးနွယ်စုထဲမှာ ဦးဆောင်သူအားလုံးက ယောကျ်ားသားတွေချည်းပဲ။ မိန်းမသား ခေါင်းဆောင် တစ်ယောက်လောက်တော့ ရှိစေချင်တယ်။ ဖြစ်နိုင်ရင် ခေါင်းဆောင်ကို (အမျိုးသား၊ အမျိုးသမီး) နှစ်ယောက်လောက် ထားသင့်တယ်လို့ထင်တယ်"* အာခါ အမျိုးသမီးလယ်သမားအဖွဲ့။

အများပြည်သူနှင့်သက်ဆိုင်သည့်ကဏ္ဍတွင် အမျိုးသားများမှဦးဆောင်မှု လွှမ်းမိုးကြီးစိုးနေသကဲ့သို့ ရိုးရာဓလေ့အရ မြေယာလုပ်ပိုင်ခွင့်စနစ်တွင်လည်းအလားတူပင်ဖြစ်ပြီး ယင်းကဏ္ဍတွင်မြေယာနှင့်ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်မှုများ၌ ယေဘုယျအားဖြင့် အမျိုးသမီးများကို ဘေးဖယ်ထားမြဲပင်ဖြစ်သည်။ ဤအခြေအနေက မြေယာပြဿနာများအပေါ် ဆွေးနွေးနိုင်သည့်အတိုင်းအတာနှင့် မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ကြမည့် အမျိုးသမီးအရေအတွက်တို့အပေါ်တွင် ကြီးမားသောသက်ရောက်မှုများဖြစ်ပေါ်စေသည်။ ပုံမှန်အားဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် မြေယာအပေါ် ပို၍စိတ်ဝင်စားကြောင်းကိုဖြင့် အသိအမှတ်ပြုရမည်ဖြစ်သည်၊ မြန်မာ့ယဉ်ကျေးမှုတွင် နေရာပေးမှုနှင့် ဩဇာအာဏာတို့အတွက် အမျိုးသားများကိုသာ ဦးစားပေးလေ့ရှိသည်။ အများပြည်သူဆိုင်ရာ ဆွေးနွေးပွဲများနှင့် ရပ်ရွာ အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ရာ၌ အမျိုးသားနှင့် အမျိုးသမီးတို့၏ အခွင့်အလမ်းရရှိမှု အပေါ်တွင် ယဉ်ကျေး မှုစံနှုန်းများက သက်ရောက်နေပြီး အမျိုးသားများထက် အမျိုးသမီးများက ဝင်ရောက်ပြောဆိုနိုင်မှု နည်းပါးနေခြင်းက လုပ်ပိုင်ခွင့် ရရှိမှုမတူညီကြပုံကို ပြသနေသည်။ အချို့သော တိုင်းရင်းသားလူနည်းစုများတွင် အမျိုးသမီးများအား ယင်းတို့ အမွေဆက်ခံရသည့်မြေများကိုပင် ထိန်းချုပ်ခွင့်မပြုထားပေ။ အချို့သောဖြစ်ရပ်များတွင် ခင်ပွန်းဖြစ် သူသေဆုံး ပြီးနောက် ခင်ပွန်း၏မိသားစုဝင် အများအားဖြင့် အစ်ကို/ညီများသို့ မြေကိုပြန်ပေးလိုက်ရသဖြင့် ဇနီးဖြစ်သူ အမျိုးသမီးနှင့် သူမ၏ရင်သွေးများအတွက်ကိုပါ ဘေးဖြစ်မည့်အခြေအနေသို့ တွန်းပို့ရောက်ရှိစေခဲ့သည်။


အမျိုးသမီးလယ်သမားများက ယင်းတို့၏လူ့အသိုက်အဝန်းအတွင်း ထိုသို့သော ကျား-မအခြေပြု ခွဲခြားသတ်မှတ်ခြင်းမျိုးကို ပြောင်းလဲရန်လိုအပ်ကြောင်း ပြောဆိုကြသည်။ မိမိတို့ တွေ့ဆုံမေးမြန်းခဲ့သည့် ရပ်ရွာ(၁၈)ခုတွင် ရိုးရာဓလေ့အရ အမျိုးသားအကြီးအကဲတစ်ဦးစီရှိသည်။[10] ထိုရွာလူကြီးများသည် ယင်းတို့ရပ်ရွာတွင် ဩဇာအလွန်ကြီးမားသည်။ သူတို့သည် သယံဇာတရင်းမြစ်များ၊ ပိုင်ဆိုင်မှု၊ ထိမ်းမြားလက်ထပ်မှု၊ မိသားစုအရေးနှင့် အခြားကိစ္စများအပေါ် အငြင်းပွားမှုများကို ဝင်ရောက်ဖျန်ဖြေ ပေးကြသည်။ ပြင်ပနှင့်ဆက်ဆံရာတွင်လည်း သူတို့သည် အဓိကပုဂ္ဂိုလ်များဖြစ်ပြီး ရပ်ရွာလူထု လာရောက်စုဝေးရေးအတွက် ဆင့်ခေါ်နိုင်သည့် အာဏာရှိသည်။ ဥပမာ- မြေပိုင်ရှင်များသည် မိမိမြေကိုရောင်း ချပိုင်ခွင့်ရှိသည်။ သို့ရာတွင် အစဉ်အလာ အရရပ်ရွာလူကြီးထံမှ အတည်ပြုချက် တောင်းခံရသည်။ အမျိုးသမီး လယ်သမားများက သူတို့အနေဖြင့် အိမ်တွင်းမှုလုပ်ငန်းများနှင့်ပင် ရှုန်းကန်နေရသဖြင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်စွမ်း နည်းပါးနေရသည်ဟုဆိုသည်။ ယင်းမှာ အမျိုးသမီးများအပေါ် တင်းကြပ်ထားသည့် ကျား-မရေးရာ စံသတ်မှတ်ချက်များကြောင့်ဖြစ်သည်။ အမွေဆက်ခံမှု၊ သီးခြားခွဲနေခြင်း၊ လင်မယားကွာရှင်းခြင်း သို့မဟုတ် စွန့်ပစ်ခံရခြင်း စသည့်အမှုများတွင် မြေခွဲယူခြင်းတို့နှင့်သက်ဆိုင်သည့် လုပ်နည်းများတွင် ရပ်ရွာအတွင်း၌ စာဖြင့်ရေးသားထားခြင်း မရှိသည့် စံသတ်မှတ်ချက်များဖြင့်ပင် ဖြေရှင်းကြသည်။

[10] *အဆိုပါရပ်ရွာများတွင် အာခါ၊ လားဟူ၊ ရှမ်း၊ ပအိုးဝ်နှင့် ဓနု တိုင်းရင်းသားများပါဝင်သည်။*

အာခါလူမျိုးစုမှ အမျိုးသမီးတစ်ဦးက *"ရွာလူကြီးတွေက ဆုံးဖြတ်စရာရှိတဲ့အခါ ကြားနေသူအဖြစ်နဲ့ နှစ်ဖက်လုံး ပြောတာကို နားထောင်ပါတယ်၊ ဒါပေမဲ့ ဆုံးဖြတ်တဲ့အခါကြတော့ ယောကျ်ားတွေဘက်ကိုပဲ လိုက်လေ့ရှိတယ်"* ဟု ပြောသည်။ သူမက *"ယောကျ်ားကကွာရှင်းချင်တယ်၊ ဒါပေမယ့် မိန်းမက မကွာချင်ဘူး။ အဲဒီလိုအခြေအနေမျိုးမှာ ဆိုရင် ယောကျ်ားလုပ်သူက မိန်းမကိုငွေပေးပြီး ကွာလိုက်လို့ရတယ်"* ဟုဆက်ပြောပြသည်။ တွေ့ဆုံမှုတွင် ပါဝင်သူများက သူတို့သည် အမြဲတမ်း ဆိုသလို သူတို့ရွာလူကြီးထံ အမှုကိစ္စအသီးသီးကို အသိပေးကြရသည်ဟု ဖြေဆိုသည်။ တိုင်းရင်းသားလူမျိုးစုအတွင်း ရွာလူကြီးအားလုံးမှာ အမျိုးသားများသာဖြစ်သည်။ ထို့အပြင် ရပ်ရွာတွင်း ဆွေးနွေးမှုများတွင် အမျိုးသမီးများ၏ပါဝင်မှုကို ရပ်ရွာကိုကိုယ်စားပြု၍ပြောဆိုခွင့်၊ ဆုံးဖြတ် ပေးပိုင်ခွင့်ရှိသူ ရိုးရာဓလေ့အကြီးအကဲများ ချမှတ်ထားသည့် စည်းကမ်းချက်များ၊ စံသတ်မှတ်ချက်များအရ တင်းကျပ်စွာ ထိန်းချုပ်ထားသည်။ လူမှုရေးစံနှုန်းများကလည်း အမျိုးသမီးများနှင့် အိမ်ထောင်စုများ ကိုယ်စား ပြောဆိုပိုင်ခွင့်ကို အမျိုးသားများသို့သာ ပေးအပ်ထားသည်။

**ရပ်ရွာအဆင့်၊ဒေသမြေယာစီမံအုပ်ချုပ်မှု အဆင့်တွင် လည်းအမျိုးသမီးများသည်**
**ဆုံးဖြတ်ချက်ပေးနိုင်သည့်အခွင့်အာဏာ နည်းပါး**




**ပုံ-၇။ သစ်တောအသုံးပြုသူများအဖွဲ့နှင့် သစ်တောစီမံခန့်ခွဲမှုကော်မတီများရှိ ကျား-မပါဝင်မှုအချိုးအစား**

ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများကို ဖယ်ထုတ်ထားသည့် ထင်ရှားသောသာဓကတစ်ရပ်ကို ရပ်ရွာအစု အဖွဲ့ပိုင် သစ်တောမြေကိစ္စရပ်များတွင် တွေ့မြင်နိုင်သည်။ ရပ်ရွာအစုအဖွဲ့ပိုင် သစ်တောဆိုသည်မှာ ရပ်ရွာပိုင်သာ ဖြစ်သဖြင့် ရပ်ရွာဓလေ့အရစီမံခန့်ခွဲသည့်မြေ ဖြစ်သည်။ Namati ၏ အမှုတွဲအချက်အလက်များအရ အမျိုးသမီးများ၏ (၄၀%) နီးပါးသည် သစ်တောထွက်ပစ္စည်းများပေါ်တွင် မှီခိုအားထားနေရပြီး ပုံမှန်အားဖြင့် သစ်တောပျိုးခင်းများ အတွက် အလုပ်လုပ်ပေးနေကြသူများ ဖြစ်သည်။ ထိုအနေအထား မှာသူတို့အတွက် အရေးကြီးသော ငွေရလမ်းတစ်ခု ဖြစ်သည်။ ဥပမာအားဖြင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်းဖြစ်သည်။[11] မည်သို့ဖြစ်စေ သစ်တော အသုံးပြု သူများ၏ ၄၀% နီးပါးမှာ အမျိုးသမီးများဖြစ်ကြောင်း အချက်အလက်များက ညွှန်ပြနေသော်လည်း သစ်တော စီမံခန့်ခွဲ မှုကော်မတီများတွင်ပါဝင်သည့် အမျိုးသမီးအရေအတွက်မှာ ၂၀% အောက်သို့ပင်

---

*[11] မိမိတို့အနေဖြင့် ရှမ်းပြည်နယ်တွင် အရေးပါသောအုပ်စုဆွေးနွေးပွဲ(၁၈)ခု တောင်ကုန်းတောင်တန်းဒေသများတွင်နေထိုင်ပြီး တိုင်းရင်းသား နောက်ခံ အမျိုးမျိုးရှိသည့် အမျိုးသမီးအမှုသည်များနှင့် ပြုလုပ်ခဲ့သည်။ ယင်းတို့အများစုမှာ စိုက်ပျိုးရေးနှင့် သစ်တောတွဲဖက်လုပ်ကိုင်သည့် ဒေသများမှဖြစ်သည်။ ရပ်ရွာအစုအဖွဲ့ပိုင် သစ်တောဆိုသည်မှာ ရပ်ရွာပိုင်သာဖြစ်သဖြင့် ရပ်ရွာဓလေ့အရစီမံခန့်ခွဲသည့်မြေဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် သစ်တော သည် မိသားစုအလိုက် အလုပ်လုပ်ရသည့်အင်အားစုအတွက် တတိယအရေးကြီးဆုံး စီးပွားရေးလုပ်ငန်းဖြစ်သည်။*

လျော့နည်းလျက်ရှိသည်။ Namati ၏အမှုတွဲ အချက်အလက်များက ပြနေသည်မှာ (အထက်ပါ ပုံ-၇တွင် တွေ့မြင်ရသည့်အတိုင်း) ရပ်ရွာအစုအဖွဲ့ပိုင် သစ်တောစီမံခန့်ခွဲရေး ကော်မတီများတွင် ကိုယ်စားပြုပါဝင်မှု သိသိသာသာနိမ့်ကျနေသလို သစ်တောအသုံးပြုသူ အနေအထားနှင့် နှိုင်းယှဉ်ပါကလည်း အလွန်နည်းပါးလျက်ရှိသည်။ ထို့အပြင် ယခုသုံးသပ်ချက်အတွက် ဆောင်ရွက်ခဲ့ သည့် သုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံး တွင်လည်း အမျိုးသမီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသည့် သစ်တောစီမံခန့်ခွဲမှုကော်မတီတစ်ခုခုမျှ မတွေ့ခဲ့ရပေ။ ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့အစည်းများတွင် ကိုယ်စားပြုပါဝင်နိုင်စွမ်း နည်းပါးခြင်း၊ အမျိုးသမီးဖြစ်ခြင်းကြောင့် ယင်းတို့၏ စကားသံများကိုလည်း လျစ်လျူရှုခံထားရခြင်းတို့ကြောင့် သစ်တောစီမံခန့်ခွဲမှုတွင် အမျိုးသမီးများ၏ ထိန်းချုပ်နိုင်စွမ်းမှာ အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အလွန်ပင် နည်းပါးလွန်းနေသည်။

ရပ်ရွာပိုင်သစ်တောကိစ္စဆွေးနွေးရန် အစည်းအဝေးရှိသည့်အခါတိုင်းတွင်လည်း အမျိုးသားများကိုသာ ပုံသေဖိတ်ကြားလေ့ရှိသည်။ အမျိုးသမီးများမှာ သူတို့ခင်ပွန်း မပါဝင်နိုင်သည့်အခါမျိုးတွင်သာ ရံဖန်ရံခါပါဝင်ခွင့်ရခဲ့သည်။ ထိုအချိန်မျိုးတွင် ပင်အိမ်တွင် ခင်ပွန်းရှိနေကြောင်း ကျေးရွာကော်မတီကသိသွားပါက ထိုအမျိုးသမီးကို အိမ်သို့ပြန်လွှတ်ပြီး ခင်ပွန်းဖြစ်သူ အားအစည်းအဝေးတက်ရန် ပြန်ခေါ်ခိုင်းတတ်သည်။ ရပ်ရွာအစည်းအဝေးများတွင် အမျိုးသမီးများ ပါဝင်မှုနှုန်း နည်းပါးရသည့် အခြားအကြောင်းပြချက် တစ်ရပ်မှာ အစည်းအဝေးပြုလုပ်ချိန်သည် အမျိုးသမီးများ အိမ်မှုကိစ္စများ လုပ်ဆောင်ရချိန်နှင့် ထိပ်တိုက်တိုးနေခြင်းကြောင့်ဖြစ်သည်။ ဥပမာအားဖြင့်အစည်းအဝေး အများအပြားမှာ နံနက်(၈) နာရီခန့်တွင် ပြုလုပ်လေ့ရှိရာ ယင်းအချိန်သည် တစ်နေ့တာ အတွက်ချက်ပြုတ်ရခြင်း၊ ကလေးများ ကျောင်းတက်ရန် ပြင်ဆင်ပေးရခြင်း သို့မဟုတ် ဈေးဝယ်ရခြင်းတို့ ပြုလုပ်သည့်အချိန် ဖြစ်နေသည်။

## ၃.၂ တချို့ တိုင်းရင်းသားဒေသတွင် အမျိုးသမီးများ၏ ဓလေ့ထုံးတမ်းအရ အမွေဆက်ခံမှုနှင့်ပက်သက်ပြီး မြေယာပိုင်ဆိုင်ခွင့်အပေါ်တွင် အားနည်းချက်များရှိနေဆဲ

နာမတိ၏ သုတေသန တွေ့ရှိချက်များအရ မတူညီသော တိုင်းရင်းသားမျိုးနွယ်စု (၅) စုအား မေးမြန်းရာတွင် အချို့သော မျိုးနွယ်စုများဖြစ်သည့်အခါ၊ လားဟူမျိုးနွယ်စုများတွင် ရိုးရာဓလေ့အစဉ်အလာများကြောင့် မြေယာပိုင်ဆိုင်ခွင့် အခွင့် အလမ်းဆုံးရှုံးမှုနှင့် အမွေဆက်ခံခွင့်များတွင်လည်း အားနည်းချက်များရှိကြောင်း တွေ့ရှိရပါသည်။ လူမျိုးစုအလိုက် မြေအသုံးချမှုဓလေ့များ ကွဲပြားခြားနားခြင်းနှင့် အမွေဆက်ခံမှုစည်းကမ်းချက်များကဲ့သို့သော ရိုးရာဓလေ့ နည်းလမ်းအချို့က အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်ကို များစွာအားနည်းစေသည်။ အဆိုပါ စည်းကမ်းချက်များသည် အမျိုးသားအဆင့် မြေအသုံးချရေးမူဝါဒတွင် အတိအလင်း ထည့်သွင်းထားသည့် ပြဋ္ဌာန်းချက်များနှင့်လည်း ဆန့်ကျင်နေပေသည်။ မူဝါဒတွင်ဖော်ပြထားသည်မှာ ရိုးရာဓလေ့အရ မြေအသုံးပြုမှုများကို ခွင့်ပြုထားသည်ဆိုသော်ငြား အဆိုပါဓလေ့များသည် အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူညီချက်(CEDAW) အပါအဝင် လူ့အခွင့်အရေး သတ်မှတ်ချက်များနှင့် မဆန့်ကျင်ရဟု ဖော်ပြပေးထားသည်။ ထိုအချက်များမှာ မိမိတို့၏ သုတေသနတွေ့ရှိချက်များ၊ ဥပဒေအထောက်အကူပြုသူများနှင့် အဆိုပါတိုင်းရင်းသားအစုအဖွဲ့များ၏ ဒေသခံလူထုနှင့် တွေ့ဆုံဆွေးနွေးချက်များအပေါ် အခြေခံထားသည်။ အဆိုပါ တိုင်းရင်းသားအစုအဖွဲ့များ၏ မျိုးနွယ်စုငယ်များ ထပ်ရှိနေခြင်း သို့မဟုတ် ယေဘုယျ စည်းကမ်းချက်များအပေါ် အခြားသော ခြွင်းချက်များလည်း

**လားဟူလူမျိုးစု။** "အိမ်ထောင်ဦးစီးလို့ ကြားလိုက်ရတိုင်း ကျွန်မတို့ရဲ့ခင်ပွန်းတွေကိုပဲ မြေးမြင်မိတယ်"

လားဟူလူမျိုးတို့၏ အမွေဆက်ခံမှုနှင့် မြေယာစီမံခန့်ခွဲမှုစနစ်များတွင် အမျိုးသားများကသာ ကြီးစိုးလွှမ်းမိုးထားသည်။ မိန်းမကဖြစ်စေ၊ ယောကျ်ားကဖြစ်စေ ကွာရှင်းခြင်း၊ မပေါင်းသင်းတော့ခြင်းတို့ဖြစ်လာလျှင် ရိုးရာဓလေ့အရ ခေါင်းဆောင်များနှင့် ရွာကလေးစားသမှုပြုရသည့် လူကြီးသူမများက အဆိုပါလင်မယားကြားတွင် မြေခွဲဝေယူခြင်းအတွက် အဆင်ပြေအောင် စေ့စပ်ပြောဆိုပေးတတ်ကြသည်။ ခြွင်းချက်အားဖြင့် ထိုကဲ့သို့ဩဇာတိက္ကမ ကြီးသည့် နေရာတွင် အမျိုးသမီးအနည်းငယ် ရှိနေတတ်သည်ကို တွေ့ရသည်။ အမျိုးသားများသည် မြေယာလုပ်ပိုင်ခွင့်ကို လက်ဝယ်ပိုင်ဆိုင်ထားကြသူများ ဖြစ်သည့်အလျောက် ပို၍တက်တက်ကြွကြွ လုပ်ဆောင်ကြပြီး အိမ်ထောင်စုအတွင်းရှိ အမျိုးသမီးများအတွက်မူ မြေမှတ်ပုံတင်ခြင်းအတွက် မိသားစု၏ အတည်ပြုချက်လိုအပ်သည်။ ရပ်ရွာခေါင်းဆောင်များ

သည် ကြားဝင်ဖျန်ဖြေသူများအဖြစ် နှစ်ဘက်လုံးမှစကားကို နားထောင်သော်လည်း များသောအားဖြင့် အမျိုးသားများဘက်ကိုသာ ဘက်လိုက် ဆုံးဖြတ်ပေးကြလေ့ရှိသည်။

**အာခါလူမျိုးစု။** အာခါလူမျိုးစုမှ အမျိုးသမီးများသည် အခြားတိုင်းရင်းသားလူမျိုးစုထက်ပို၍ ကန့်သတ်မှုများ ရင်ဆိုင်ကြရသည်။ လက်ထပ်ထိမ်းမြားမှု ထုံးဓလေ့များအရ ယောကျ်ားများသည် အိမ်ထောင်စုအကြီးအကဲဖြစ်သည်။ သူတို့သည် မိမိ၏ဇနီးဖြစ်သူကို ကာကွယ်ရန်အတွက်သာမက မိသားစုအတွက် ဝင်ငွေရှာပေးရန် တာဝန်ရှိသည်။ ထုံးတမ်းစဉ်လာကျင့်သုံးမှုအရ သားဖြစ်သူများသာလျှင် မြေယာအားအမွေဆက်ခံနိုင်ပြီး သမီးဖြစ်သူများကမူ ဆက်ခံနိုင်ခွင့် မရှိတတ်ကြပေ။ မိန်းမကဖြစ်စေ ယောကျ်ားကဖြစ်စေ ကွာရှင်းလိုသည့်အခါ လူမျိုးစုအကြီးအကဲ အမျိုးသားက လင်မယားကြား ခွဲခြမ်းမှုများ အဆင်ပြေစေရန် သို့မဟုတ် ယင်းတို့ကိုယ်စား မည်သူဆက်ခံရမည် ဆိုသည့် အဆုံးအဖြတ်များပေးခြင်းတို့ ပြုလုပ်သည်။ ထိုသို့ဆုံးဖြတ်ရာ၌ လင်မယားနှစ်ဦး ပိုင်ဆိုင်ထားသည့်မြေယာနှင့် ပတ်သက်သော ရင်းမြစ်မည်မျှရှိသည်၊ ကလေးများရှိပါက ကလေးများကို မည်သူက ထိန်းသိမ်းစောင့်ရှောက်ရမည် စသည်တို့ကို ထည့်သွင်းစဉ်းစားသည်။ ကလေးများရှိလျှင်၊ ခင်ပွန်းဖြစ်သူက ကလေးများကို ထိန်းသိမ်းစောင့်ရှောက် လိုခြင်းမရှိလျှင် အမိက အားဖြင့်ဇနီးလုပ်သူကသာ တာဝန်ယူစောင့်ရှောက်သူ ဖြစ်သည်။ မည်သို့ဖြစ်စေ အာခါလူမျိုး ဥပဒေ အထောက်အကူပြု သူတစ်ဦးက အာခါလူမျိုးစုအသိုက်အဝန်းအတွက် လုပ်ဆောင်ပေးနေသဖြင့် အမျိုးသမီး များမြေယာ မှတ်ပုံတင်ရန် ခွင့်ပြုလာခြင်းအပါအဝင် အခြားသောအပြောင်းအလဲများအတွက်ကိုလည်း လမ်းပွင့်လာ သည်ကို အားတက်ဖွယ်မြင်တွေ့လာရသည်။

**ရှမ်းလူမျိုး။** ရှမ်းလူမျိုးများသည် အခြားတိုင်းရင်းသားအုပ်စုများနှင့်နှိုင်းယှဉ်လျှင် အမွေဆက်ခံမှုစနစ်မှာ အတန်သင့်သာ တူညီမှုရှိသည်။ ပိုင်ဆိုင်သည့်မြေကို ကျား-မခွဲခြားမှုမရှိဘဲ သားသမီးများသို့ အညီအမျှခွဲဝေပေးတတ်ကြသည်။ တစ်ခါတရံတွင်မူ မိသားစုတွင်းရှိ အခြားညီအစ်ကိုမောင်နှမများထက် ပို၍နွမ်းပါးသည့် သားသမီးသို့ အနည်းငယ်ပို၍ ခွဲဝေပေးတတ်သည်။ မည်သို့ဆိုစေ ရှမ်းလူမျိုး အသိုက်အဝန်းအတွင်း အမျိုးသမီးများအပေါ် ယုံကြည်မှုထားရှိ ချက်ကဖြင့် အားနည်းနေဆဲပင်။ အဘယ့်ကြောင့်ဆိုသော် ပညာသင်ယူမှုအခွင့်အရေး နည်းပါးခြင်းနှင့်အတန်း ပညာပြီးဆုံးမှု မရှိခြင်းတို့ကြောင့် မိမိကိုယ်ကို ပညာရေးအားနည်းချက်များ ရှိသည်ဟု သတ်မှတ် ထားကြသည့်အပြင် ရပ်ရွာဆွေးနွေးပွဲများတွင် ဝင်ရောက်ပြောဆိုသည့်အခါတွင်လည်း အကြောင်းအရာဆက် စပ်မှုမရှိ မည်ကို စိုးရိမ်နေ တတ်ကြဆဲကြောင့်ဖြစ်သည်။ ရှမ်းလူမျိုး အိမ်ထောင်သည် အမျိုးသမီးများသည် အကယ်၍ လင်မယားကွာရှင်းခဲ့လျှင် မြေယာပိုင်ဆိုင်ခွင့် အာမခံချက် ရှိရေးအတွက် မြေပူးတွဲမှတ်ပုံတင်ခြင်းကို ပို၍သဘောကျသည်။ ပိုင်ဆိုင်ခွင့်တွင် မိမိအမည်ပါနေလျှင် ခွဲခြမ်းသည့်အခါ ပို၍မျှမျှတတ ရှိလိမ့်မည်ဟု အမျိုးသမီးများက ထင်မြင် ယူဆကြသောကြောင့် ဖြစ်သည်။

**ဗမာလူမျိုး။** ကျား-မ ခွဲခြားခြင်းမရှိဘဲ သားသမီးများအား ပစ္စည်းဉစ္စာအညီအမျှခွဲဝေပေးတတ်ကြသည်။ အိမ်ထောင် ဘက်သေဆုံးသွားသည့် အခါတွင်လည်းကျန်ရစ်သူသည် ဇနီးဖြစ်စေ၊ ခင်ပွန်းဖြစ်စေ ပစ္စည်းဉစ္စာများ ဆက်လက် ပိုင်ဆိုင်ခွင့်ရှိသည်။ မိမိတို့တွေ့ ဆုံမေးမြန်းခဲ့သည့် ဗမာလူမျိုးအမျိုးသမီးများသည် အခြားသောတိုင်းရင်းသား အမျိုးသမီးများထက် မြေပူးတွဲမှတ်ပုံတင်ရန် သို့မဟုတ် မြေအတွက် တရားဝင်ပိုင်ဆိုင်လိုသည့်ဆန္ဒ နည်းပါးနေကြ သည်မှာ ယခုကဲ့သို့ ပစ္စည်းဉစ္စာ အညီအမျှခွဲဝေတတ်သည့်ဓလေ့ကြောင့်လည်း ဖြစ်နိုင်ပေသည်။ အိမ်ထောင်သည် အမျိုးသမီးများ အနေဖြင့် မြေယာလုပ်ပိုင်ခွင့်ကို ပူးတွဲမှတ်ပုံတင်ရန် စိတ်ဝင်စားလျှင်လည်း ထိုသို့ဖြစ်ရသည်မှာ ၎င်းတို့၏ သားသမီးများ နောင်ရေး အတွက်ပင်ဖြစ်သည်မှာ ထင်ရှားပေသည်။ အကယ်၍ သူမကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူက နောက်အိမ်ထောင် ပြုခဲ့သည်ရှိသော် သူမ၏ သားသမီးများအတွက် မြေယာအမွေဆက်ခံပိုင်ခွင့်ကို လုံခြုံစိတ်ချ စေလိုကြသည်။[12]

---

*[12] မြန်မာနိုင်ငံ မြေအခွင့်အရေးအပေါ် ကျား-မရေးရာ ခွင့်တူညီမှုမှရှု့ထောင့်များ။ ဥပဒေအထောက်အကူပြုမှုဆိုင်ရာ အမှုတွဲလုပ်ငန်းများမှရရှိလာသည့် အထောက်အထားများ", Namati- ၂၀၁၆။*

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ပင် အမျိုးသမီးများသည် မြေယာပြဿနာများနှင့်ပတ်သက်၍ ဗဟုသုတ နည်းပါးကြသဖြင့် လူအများနှင့်ဆွေးနွေးပြောဆိုရမည့်ပွဲမျိုးတွင် ဝင်ရောက်ပြောဆိုရဲခြင်း မရှိကြကြောင်းကို တွေ့ဆုံမေးမြန်းခံခဲ့ရသည့် အမျိုးသမီးများ၏ဖြေဆိုချက်အပေါ် သုံးသပ်နိုင်ပေသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးများကိုလည်း မြေနှင့်သက်ဆိုင် သည့်ဥပဒေများကို ကြားဖူးခြင်းရှိ-မရှိ မေးကြည့်ရာ အများစုမှာ ထိုဥပဒေများကို မကြားဖူးကြပေ။ ဥပဒေများကို မြန်မာဘာသာဖြင့် ရေးသားထားသည်ဖြစ်၍ တိုင်းရင်းသားအမျိုးသမီးများအတွက် ဆိုလျှင်မူ ဘာသာစကား အတားအဆီးကြောင့် ပို၍ပင်အလှမ်းဝေးလာခဲ့ရသည်။ ဒေသခံအစိုးရဌာနများကလည်း မြေယာကိစ္စများဆောင်ရွက်ရာတွင် ရုံးသုံးမြန်မာဘာသာစကားဖြင့်သာ ပြောဆိုကြသည်။ တွေ့ဆုံမေးမြန်းမှုတွင် တွေ့ရှိချက်များအရ တိုင်းရင်းသား အမျိုးသမီးငါးဦးတွင် တစ်ဦးမျှသာ တရားဝင်ဘာသာစကားဖြစ်သည့် မြန်မာကို ရေးနိုင်ဖတ်နိုင်ကြသည်ဖြစ်ရာ ဤအချက်က ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် အရေးပါနေပေသည်။ တိုင်းရင်းသားမျိုးနွယ်စုများရှိ အမျိုးသမီးများ၏ အကျိုးစီးပွားအတွက် မြေယာလုပ်ပိုင်ခွင့်ကို ပူးတွဲမှတ်ပုံတင်ကြရန် အကြံပြုခဲ့သည်။ အစိုးရအနေဖြင့် သတင်းအချက် အလက်များ ဖြန့်ဝေနိုင်မည့်လမ်းကြောင်းကို ပိုပိုပြင်ပြင်စဉ်းစားဖော်ထုတ်ရန်လိုပြီး ကျား-မရေးရာ ခွင့်တူညီမျှမှုရှိရေးကို အပြည့်အဝထည့်သွင်းစဉ်းစားရပေမည်။

ထို့အပြင် အဆိုပါတိုင်းရင်းသားလူနည်းစုအမျိုးသမီးများ၏ မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုနိုင်ရေးအတွက် ရိုးရာဓလေ့အရ မြေအသုံးပြုမှုကိုလည်း မဖြစ်မနေ အသိအမှတ်ပြုရပေမည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားအမျိုးသမီးများသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ရိုးရာဓလေ့ ဓါးမဦးချမြေကို အားထားနေရသူများဖြစ်ပြီး အထူးသဖြင့် စိုက်ပျိုးစရာမြေမရှိ၊ သူတို့၏ သက်မွေးဝမ်းကျောင်းမှုအတွက် ရောင်းစရာဈေးကွက် မရှိကြသည့် ဝင်ငွေနည်းပါးသော မိသားစုများဖြစ်ကြသည်။ ဒေသခံအစုအဖွဲ့ပိုင်သစ်တောများတွင်သာ ဓလေ့ထုံးတမ်းအရ မြေယာစီမံခန့်ခွဲမှုကို အနည်းအကျဉ်းမျှ အသိအမှတ်ပြုထားခြင်းမှအပ မြန်မာနိုင်ငံ၏ လက်ရှိဥပဒေများနှင့် မူဝါဒများတွင် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုထားခြင်းမရှိပေ။ မြန်မာနိုင်ငံက ကတိကဝတ်ပြုထားသည့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူညီချက် (CEDAW) အရ အများပိုင်နှင့် တစ်ဦးချင်းပိုင် မြေနှစ်မျိုးလုံးအတွက် ရိုးရာဓလေ့ဓါးမဦးချ မြေအခွင့်အရေးကို တရားဝင်အသိအမှတ်ပြုရမည်ဖြစ်သလို တရားဝင် ပြဋ္ဌာန်းထားသည့် မြေယာဥပဒေများတွင်လည်း မြေလုပ်ပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် တန်းတူညီမျှမှုနှင့် အခြားရှုထောင့်အားလုံးကို တိကျနိုင်မာစွာ အာဏာသက်ဝင်မှု ပိုမိုအားကောင်းလာရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်။

## ၄.အမျိုးသမီးများ မြေယာအခွင့်အရေးရရှိမှု အားကောင်းကျယ်ပြန့်လာရေး၊ မြေယာစီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်မှု မြင့်မားလာရေးတို့အတွက် ဥပဒေအထောက်အကူပြုသူများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါ

ဤအခန်းတွင် - ရပ်ရွာစေ့စပ်ညှိနှိုင်းမှုများ၌ အမျိုးသမီးဥပဒေ အထောက်အကူပြုသူများ၏ အခန်းကဏ္ဍနှင့် အမျိုးသမီးများ တရားဝင်မြေယာအခွင့်အရေးရရှိရေးအတွက် ယင်းတို့၏ဆော်ဩစည်းရုံးမှုများ၊ ရပ်ရွာပညာပေးမှုများနှင့် အမှုတွဲလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှုတိုးတက်မြင့်မားလာခြင်း၊ စံပြအမျိုးသမီးခေါင်းဆောင်မှုအဖြစ် ထမ်းဆောင်ခြင်း၊ အမျိုးသမီးဥပဒေအထောက်အကူပြုသူများ ခန့်ထားရာတွင် ထည့်သွင်းစဉ်းစားရမည့် အတားအဆီးများ အစရှိသည့် နယ်ပယ်လေးရပ်ကို လွှမ်းခြုံထားပါသည်။

### ၄.၁ အမျိုးသမီးများ အတွက် မြေယာအခွင့် အရေးရရှိရေးတွင် ဥပဒေအထောက်အကူပြုသူများသည် ထိရောက်သော ရှေ့ဆောင်လမ်းပြများဖြစ်သည်။

ဥပဒေအထောက်အကူပြုသူဆိုသည်မှာ ရှေ့နေများမဟုတ်ကြဘဲ သက်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးခံ ထားရသူများဖြစ်ပြီး ရှေ့နေများ၊ ဖျန်ဖြေသူများနှင့် ရပ်ရွာစည်းရုံးရေးသမားများကဲ့သို့ ပညာ ရပ်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်သည်။ သူတို့ကို ဥပဒေဆိုင်ရာ အကူအညီပေးနေသူများ သို့မဟုတ် လူမှုရေး တရားမျှတမှုအတွက်တိုက်ပွဲဝင်နေသည့် ခြေဗလာဖြင့်ရှေ့နေများဟုလည်း သိရှိထားကြသည်။ မြန်မာနိုင်ငံတွင် ဥပဒေ အထောက်အကူပြုသူဟူသော အယူအဆမှာ အတော်ပင်ဆန်းသစ်လျက်ရှိရာ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် နယ်မြေခံအာဏာပိုင်များအဖို့ အများအားဖြင့် အကျွမ်းတဝင်မရှိကြပေ။ သူတို့သည် ဥပဒေဆိုင်ရာ အသိအမြင်များပျိုးထောင်ပေးခြင်း၊ သူတို့၏ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် များပြားလှသည့် အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးဌာနများသို့ ဝင်ထွက်နိုင်စေရန် အမှုသည်များကို ကူညီပေးခြင်းဖြင့် အမှုသည်များ ကိုယ်တိုင်၏ လုပ်နိုင်စွမ်းများ မြင့်မားလာစေကြသည်။


အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် အပစ်ပယ်ခံအုပ်စုများသည် မြေယာလုပ်ကိုင်ခွင့် စနစ်များနှင့်သက်ဆိုင်သည့်ကိစ္စများအပါအဝင် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းစဉ်များမှ အထောက်အကူရရှိရန်အခက်အခဲများ ကြုံရလေ့ရှိသည်။ မြန်မာနိုင်ငံအတွင်း ယင်းအခက်အခဲများတွင် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ယဉ်ကျေးမှုစံနှုန်းများ၊ အုပ်ချုပ်ရေးစနစ်များတွင် အမျိုးသားများကြီးစိုးနေသဖြင့် အမျိုးသမီးများကို နှိမ့်ချလိုသည့်သဘောထားများ၊ ဘာသာစကား အတားအဆီးများပါဝင်သည်။ ထိုသို့သောအတားအဆီးများသည် လူနည်းစုတိုင်းရင်းသားမျိုးနွယ်မှ အမျိုးသမီးများအပေါ် ပိုမိုရိုက်ခတ်နေပေသည်။ Namati ၏ ပြီးခဲ့သည့်ငါးနှစ်တာစီမံချက်များအတွင်း အမျိုးသား ဥပဒေအထောက်အကူပြု များသာမက အမျိုးသမီးဥပဒေ အထောက်အကူပြုများသည်လည်း ထိုကဲ့သို့ အပစ်ပယ်ခံဖြစ်နေသည့် အုပ်စုများအတွက် အဆိုပါအတားအဆီးများ ကျော်လွှားနိုင်ရေးကို အကူအညီပေးနိုင်ခဲ့ကြသည်။ ယင်းသို့ကူညီရာတွင် အမှုသည်များ ကိုယ်တိုင်အုပ်ချုပ်ရေး လုပ်ငန်းစဉ်များနှင့် အကျွမ်းတဝင်ရှိလာစေရေး၊ သူတို့ ရင်ဆိုင်နေရသည့်ပြဿနာများအတွက် ကုစားပေးနိုင်မည့်နည်းလမ်းများ ရှာဖွေရေးတွင် ယုံကြည်မှုနှင့် အသိပညာဗဟုသုတများ မြှင့်တင်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ မြေယာဥပဒေများသည် ယေဘုယျအားဖြင့် ကျား-မရေးရာတွင် ဘက်လိုက်မှုမရှိပေ။ ဘက်မလိုက်ဟုဆိုရာတွင် အမျိုးသမီးအပါအဝင် မည်သူမဆို မိမိအမည်ဖြင့် မြေယာမှတ်ပုံတင်မှုပြုလုပ်နိုင်ကြောင်းကို ဖော်ပြပေးထားသည်။ သို့ရာတွင် လက်ရှိ ကျား-မခွဲခြားတတ်သည့် ယဉ်ကျေးမှုစံနှုန်းများက ကျား-မရေးရာအပေါ် ဘက်လိုက်မှုမရှိသည့်ဥပဒေများကို လွှမ်းမိုးလျက်ရှိပြီး မြေယာမှတ်ပုံတင်သည့်ကိစ္စတွင် အမျိုးသားကြီးစိုးသည့်အခြေအနေကို ဆက်လက် ထိန်းသိမ်းထားသကဲ့သို့ဖြစ်နေသည်။ Namati ၏ အမှုတွဲအချက်များက ဖော်ပြနေသည်မှာ လယ်ယာမြေအားလုံး၏ **(၈၅%)**အား အမျိုးသားအမည်ဖြင့်သာ မှတ်ပုံတင်ထားကြပြီး အမျိုးသမီးအမည်ဖြင့် မှတ်ပုံတင်ထား

သည်မှာ (၁၅%) သာရှိသည်။ အထူးတလည်ကြိုးပမ်းအားထုတ်မှုမရှိလျှင် မြေယာမှတ်ပုံတင်ကိစ္စသည် ကျား-မ တန်းတူ ညီတူဖြစ်စေသည့် ရလဒ်များပေါ်ထွက်လာခြင်းထက် လက်ရှိအနေအထားတိုင်းပင် ဆက်လက်ဖြစ်ပေါ်နေမည် ဆိုသည့် အချက်အဖြစ်သည်။ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် ကျား-မခွင့်တူညီမျှမှုမရှိသော ကွာဟချက်ကို ပြောင်းလဲမည် ဆိုလျှင် ဘက်စုံ ထောင့်စုံမှ အပြောင်းအလဲပြုလုပ်ရန် လိုသည်။ မည်သို့ဖြစ်စေ အဓိကကျသည့် စိန်ခေါ်မှုနှစ်ရပ်ရှိပြီး ဖြေရှင်းရမည့် အချက်များမှာ - ဥပဒေနှင့်ပတ်သက်၍ အမျိုးသမီးများ၏ အသိပညာဗဟုသုတ အဆင့်မြင့်မားလာစေရန်နှင့် မြေယာမှုခင်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုမြင့်မားလာစေရန်တို့ဖြစ်သည်။ အဆိုပါစိန်ခေါ်မှုနှစ်ရပ်လုံး ပြောင်းလဲလာရန်လိုအပ်သည်မှာ မြေယာကိစ္စသည် **'အမျိုးသားများ၏ ပြဿနာသာ ဖြစ်သည်'** ဆိုသည့်အမြင်ကို ပြောင်းလဲပစ် ရမည်ဖြစ်သည်။

## ၄.၂ ရပ်ရွာပညာပေးအစီအစဉ်များတွင် အမျိုးသမီးများပါဝင်မှု မြင့်မားလာစေရေးနှင့် မြေယာမှုခင်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးတို့ကို အမျိုးသမီး ဥပဒေအထောက်အကူ ပြုသူများက စွမ်းဆောင်ပေးနိုင်

မြန်မာနိုင်ငံတွင် Namati ၏ လုပ်ငန်း ဆောင်ရွက်မှု သက်တမ်းတစ်လျှောက်အတွင်း လေ့ကျင့်ပျိုးထောင် ပေးခဲ့ သည့် ဥပဒေအထောက်အကူပြုသူများအနက် (၃၈%) မှာ အမျိုးသမီးများဖြစ်သည်။ အမျိုးသားရော အမျိုးသမီး ဥပဒေ အထောက်အကူပြုသူများပါ အမျိုးသမီး အမှုသည်များ ကို အကူအညီပေး နိုင်စွမ်းရှိကြောင်း သုတေသနလုပ်ငန်း များ ကပြသနေ သော်လည်း အမျိုးသမီး ဥပဒေ အထောက် အကူပြုသူများ သည် အမျိုးသမီးအမှုသည်များ၏ အမှုများနှင့် ကြိုးပမ်း ဆောင်ရွက်မှုများကို အထောက် အကူပေးရာတွင် ပို၍အရေးပါနေ သည်ဆိုသော အချက်ကတော့ဖြင့် အံ့ဩ ဖွယ်မဟုတ်ပေ။ အမျိုးသမီး ဥပဒေအထောက် အကူပြုသူများ သည် လုပ်ငန်းစဉ် နှစ်မျိုးလုံးတွင် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။




Namati ၏အမှုတွဲအချက်အလက်များက ၂၀၁၃ တွင်စတင်ခဲ့ သည့်စီမံချက်နှင့် ၂၀၁၈ စီမံချက်ကို နှိုင်းယှဉ် ကြည့်လျှင် ရပ်ရွာပညာပေး အစီအစဉ်များတွင် အမျိုးသမီးလယ်သမား များ တက်ကြွစွာ တက်ရောက်မှုမှာ သိသိသာသာ မြင့်မားလာ သည်ကို ဖော်ပြနေသည်။[13] ထိုသို့တက်ရောက် မှုသည် အရေးပါသည့် ပထမခြေလှမ်းဖြစ်သလို တက်ကြွစွာ ပါဝင်ခြင်း နှင့် နားထောင်ခြင်းသည် တန်းတူအရေးပါသည်။ ရပ်ရွာ အခြေပြု ဥပဒေ အထောက်အကူပြုသူများနှင့် တွေ့ဆုံ မေးမြန်းစဉ် ပေါ်ထွက်လာသည့်အချက်မှာ ပညာပေး အစီအစဉ်များသို့ အမျိုးသမီးများ တက်ရောက်စက ဝင်ရောက် ဆွေးနွေးပြောဆိုရန်ရှိလာသည့်အခါ ရှက်ရွံ့မှုများရှိခဲ့ကြသည်။ *"အမျိုးသမီးတွေက ဂရုတစိုက် နားထောင် တတ်ကြတယ်၊ ဒါပေမဲ့ မေးခွန်းတွေ မေးတဲ့အချိန်ရောက်ရင် သူတို့မှာ ယုံကြည်မှု မရှိကြတော့ဘူး၊ ဝင်ရောက် ပြောဆိုဖို့အတွက် အမျိုးသမီးတွေကို ကျွန်မတို့ တိုက်တွန်းအားပေးရတယ်"* ဟု အမျိုးသမီး ဥပဒေအထောက် အကူပြုတစ်ဦးဖြစ်သည့် ဒီနာကပြောသည်။

တက်ရောက်လာသည့် အမျိုးသမီးများကို ယင်းတို့၏အတွေ့အကြုံများ မေးမြန်းခြင်း၊ အိမ်တွင်းအကြမ်းဖက်ခံရမှု အပါအဝင် သက်ဆိုင်သည့် အကြောင်းအရာများ၊ အမျိုးသမီးတို့၏ မြေယာပြဿနာများနှင့် ဆက်စပ်နေသည့် အကြောင်းအရာများအတွက် ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်းတို့ဖြင့် အမျိုးသမီးများ ပါဝင်လာရေးအတွက်

---

[13] *တက်ကြွသည့်လယ်သမားများဆိုသည်မှာ ဖြေရှင်းချက်တစ်ရပ်ရှာဖွေရာတွင် လုပ်ငန်းစဉ်(၅၀%)အထက် ပါဝင်ဆောင်ရွက်သည့် အမှုသည်များကိုရည် ညွှန်းသည်။ ယေဘုယျအားဖြင့် မည်သူသည် တက်ကြွမှုရှိသည့်အမှုသည်၊ အမှုတွင်မည်သို့ပါဝင်သည်ကို အမှုဖြစ်စဉ်တလျှောက်လုံး သူတို့နှင့်အနီးကပ် လုပ်ကိုင်နေသည့်အတွက် ဥပဒေအထောက်အကူပြုသူများက အလွယ်တကူသိရှိကြသည်။ အထူးသဖြင့် တက်ကြွမှုရှိသည့်အမှုသည်များဆိုသည်မှာ ဥပဒေအထောက်အကူပြုသူပြောသည်ကို နားထောင်သူ၊ ဥပဒေအထောက်အကူပြုသူနှင့် အမြဲတမ်းဆွေးနွေးလေ့ရှိသူ၊ အမှုဖြစ်စဉ်တိုးတက်အောင် ဆောင်ရွက်ရာတွင် ပါဝင်သူများဖြစ်သည်။*

တိုက်တွန်းလှုံ့ဆော်ရာတွင် ဥပဒေအထောက်အကူပြုသူအချို့ အောင်မြင်မှုရရှိသည်ကို တွေ့ရသည်။ ရပ်ရွာ ပညာပေးအစီအစဉ်များတွင် အမျိုးသမီး တက်ရောက်သူအရေအတွက် တိုးပွားလာခြင်းသည် အမျိုးသမီးအမှုသည် အရေအတွက် တိုးပွားလာမှုနှင့် ဆက်စပ်လျက် ရှိသည်။

မိမိတို့ ထပ်မံတွေ့ရသည့်အချက်မှာ အမျိုးသမီးဥပဒေ အထောက်အကူ ပြုသူများသည် အမှုတွဲလုပ်ငန်းများတွင် အမျိုးသမီး များပါဝင်ပတ်သက်လာစေရန် လှုံ့ဆော် တိုက်တွန်း ပေးနိုင်သည့်အချက် ဖြစ်သည်။ အမျိုးသမီးဥပဒေ အထောက် အကူပြုသူများနှင့် အလုပ်လုပ်ရခြင်းဖြင့် မိမိတို့၏ရပိုင်ခွင့်များ တောင်းဆိုရာတွင် အထောက်အကူ ဖြစ်စေရုံသာမက ယခုကဲ့သို့ အမျိုးသမီးဥပဒေ အထောက်အကူပြုသူများကို မြင်တွေ့ရသဖြင့် ဓလေ့ထုံးတမ်းအရ ကျား-မ ရေးရာအပေါ် ခွဲခြားရှုမြင်တတ်မှုများမှ ဖောက်ထွက်လာပြီး မိမိတို့၏ရှုပ်ထွေးလှသည့် မြေယာ ပြဿနာများကို ကိုယ်တိုင်လုပ်ဆောင်လာစေရန် တွန်းအားတစ်ခုဖြစ်လာသည်ဟု တွေ့ဆုံမေးမြန်းမှုများအတွင်း အမျိုးသမီး




**ပုံ-၈။ အမျိုးသားနှင့် အမျိုးသမီးဥပဒေအထောက်အကူပြုသူများ လုပ်ဆောင်ခဲ့သည့် အမှုတွဲအခြေပြဇယား**

အမှုသည်များက ဖြေဆိုခဲ့ကြသည်။ ပုံ-၈တွင်ပြထားသည့် အမှုတွဲအချက်အလက်များက အမျိုးသမီးဥပဒေ အထောက်အကူ ပြုသူများကောက်ယူ ဖြေရှင်းပေးခဲ့သည့် မြေယာမှုခင်းများမှာ အမျိုးသားဥပဒေ အထောက် အကူပြုသူများ ဖြေရှင်းပေးခဲ့သည့် မြေယာမှုခင်းများနှင့် ကွဲပြားခြားနားနေသည်ကို ညွှန်းဆိုနေပေသည်။ အမျိုးသမီးဥပဒေ အထောက်အကူပြုသူများသည် မြေယာလုပ်ပိုင်ခွင့် ပူးတွဲမှတ်ပုံတင်ခြင်းအပါအဝင် မြေယာ လုပ်ပိုင်ခွင့် မှတ်ပုံတင်သည့်အမှုများကို အမျိုးသားဥပဒေ အထောက်အကူပြုသူများထက် ပို၍ ဆောင်ရွက်နိုင်ကြောင်း ကို ရှင်းလင်းစွာမြင်တွေ့ရမည် ဖြစ်သည်။ အမျိုးသားဥပဒေ အထောက်အကူပြုသူများသည် ဒေသန္တရမြေယာ အငြင်းပွားမှုများကို ပို၍ဆောင်ရွက်နိုင်ပြီး ယင်းအမှုမျိုးမှာ "အမျိုးသား"များနှင့် အထူးသင့်လျော်သည်ဟု ယေဘုယျ လက်ခံထားတတ်ကြသည်။ တွေ့ဆုံမေးမြန်းမှုပြုလုပ်စဉ် တွေ့ရှိရသည့်အချက်မှာ အမျိုးသမီး အမှုသည်များသည် ယေဘုယျအားဖြင့် အမျိုးသမီးဥပဒေ အထောက်အကူပြုသူများနှင့်အတူ လက်တွဲအလုပ်လုပ်ရခြင်းက ပို၍ စိတ်သက်သာ အဆင်ပြေတတ် ကြခြင်းပင်။ မြေယာလုပ်ပိုင်ခွင့်အား ပူးတွဲအမည်ဖြင့် မှတ်ပုံတင်သည့်အမှုများကို ဆောင်ရွက်လျက်ရှိသည့် အာခါအမျိုးသမီးတစ်ဦးက *"အမျိုးသမီး ဥပဒေ အထောက်အကူပြုသူနဲ့ အလုပ်လုပ်ရတာ ပိုသဘောကျတယ်၊ သူတို့နဲ့ကြတော့ ပိုပြီးလွတ်လွတ် လပ်လပ်ရှိတယ်လေ။ ကျွန်မတို့ရဲ့ကိစ္စတွေကိုလည်း သူတို့က လျှို့ဝှက်ပေး ထားတယ်လေ"* ဟုပြောဆိုသည်။ ရှမ်းတိုင်းရင်းသားအမျိုးသမီး တစ်ဦးကလည်း *"အမျိုးသမီး ဥပဒေအထောက်အကူ ပြုသူတွေကို ပိုသဘောကျတယ်၊ ဘာ့ကြောင့်လဲဆိုတော့ သူတို့က ပိုပြီး စိတ်ရှည်တတ်ကြတယ်၊ မြေယာကိစ္စနဲ့ ပတ်သက်ရင် အလွယ်တကူနားလည်အောင် ကျွန်မတို့ကိုကူညီနိုင်ပြီး အမှုအကြောင်း ရှင်းပြတဲ့အခါလည်း ပိုပြီးအသေးစိတ် ပြောပြနိုင်ကြတယ်"* ဟု ထုတ်ဖော်ပြောသည်။

### ၄.၃ အမျိုးသမီးဥပဒေ အထောက်အကူပြုသူများသည် တခြားအမျိုးသမီးအတွက် ဦးဆောင်လမ်းပြပေးသူ၊ စွမ်းဆောင်ရည် မြှင့်တင်ပေးသူများဖြစ်သည်။

အမျိုးသမီးဥပဒေအထောက်အကူပြုသူများသည် ယင်းတို့၏ရပ်ရွာဒေသအတွင်း အောင်မြင်မှုရရှိလာသည့်အခါ အမျိုးသမီး ခေါင်းဆောင်မှု၏ အကောင်းဆုံးစံနမူနာပြသူတစ်ယောက်အဖြစ် ထမ်းဆောင်နိုင်လာကြသည်။ အမျိုးသမီးဥပဒေ အထောက်အကူပြုသူများသည် ရပ်ရွာဒေသအတွင်း စတင်တာဝန်ထမ်းဆောင်ချိန်မှ ပျမ်းမျှအားဖြင့် ခြောက်လ ခန့်အကြာတွင် ၎င်းတို့အား ဒေသခံများမှရှုမြင်ပုံများ ပြောင်းလဲလာသည်ကို မြင်တွေ့လာကြသည်။ ပုံမှန်အားဖြင့် အမျိုးသမီးဥပဒေအထောက်အကူပြုသူတစ်ဦး ရပ်ရွာအတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်အခါ သူတို့၏အရည်အချင်းအပေါ်တွင် အယုံအကြည်မရှိတတ်ကြပေ။ သို့ရာတွင် အမျိုးသမီးဥပဒေအထောက်အကူပြုသူများက သေးငယ်သော အမှုအခင်းများကို စတင်ဖြေရှင်းပြီးနောက် ရပ်ရွာက သူတို့ကိုသတိပြုမိလာပြီး ယုံကြည်မှုပိုရှိလာသည်။ ဥပဒေအထောက်အကူပြုသူများက အချိန်ယူရသည့် ရှုပ်ထွေးခက်ခဲသောအမှုတွဲများကို ဖြေရှင်းနိုင်သည်နှင့်တပြိုင်နက် ရပ်ရွာမှ သူတို့အပေါ် အမှန်တကယ်စတင်ယုံကြည်မှုရှိလာပြီး သူတို့၏အရည်အချင်းကိုလည်း လေးစားလာကြသည်။

**နမူနာဖြစ်ရပ်တစ်ခု** - ဒေါ်ဝင်းစန္ဒာထွေးသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်တွင် မြေအမွေသိမ်းယူမှုများအတွက် အမှုသည်များနှင့်အတူ မတရားမှုများကိုတိုက်ပွဲဝင်ရန် ရပ်ရွာဒေသအတွင်းရှိ ထောင်နှင့် ချီသော လယ်သမားများကို ဥပဒေဆိုင်ရာ အထောက်အကူပေးနေကြသည့် Namati ၏ အမျိုးသမီး ဥပဒေအထောက်အကူပြုသူများအနက် အတွေ့အကြုံရင့်သူတစ်ဦးဖြစ်သည်။ ဥပဒေအထောက်အကူပြုသူ တစ်ဦးအဖြစ် ဆောင်ရွက်ခြင်းမပြုမီက ဒေါ်ဝင်းစန္ဒာထွေး ကိုယ်တိုင်သည်ပင် အမှုသည်တစ်ဦးဖြစ်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် စစ်တပ်က သိမ်းယူခဲ့သည့်မြေများတွင် သူမမိသားစုပိုင်မြေ (၅.၁၅)ဧက ပါဝင်သွားခဲ့သည်။ ထိုကဲ့သို့သိမ်းဆည်းခံရသူများတွင် သူမရွာမှ လယ်သမား(၁၁၀) ဦးလည်း ပါဝင်ပြီး အိမ်ထောင်စုပေါင်း(၉၈)စု၏ ပိုင်ဆိုင်မှုဖြစ်သည့် မြေဧကပေါင်း (၃၈၈)ဧက သိမ်းဆည်းခံခဲ့ရသည်။ ထိုအချိန်က ကူရာကယ်ရာမဲ့ဖြစ်ခဲ့ပြီးနောက် သူမကိုယ်တိုင်အတွက်သာမက အခြားသော အမျိုးသမီးအမှုသည်များအတွက်ကိုပါ တရားမျှတမှုရရှိစေရန် တစ်စုံတရာလုပ်ဆောင်လိုစိတ် ဖြစ်ပေါ်ခဲ့သည်။

၂၀၁၂ နှစ်ဆန်းပိုင်းတွင် မြေယာပြဿနာများအပေါ် သိမြင်နားလည်လာစေရန်နှင့် သူတို့၏ ဥပဒေအရရပိုင်ခွင့်များကို တောင်းဆိုနိုင်ရန် သူမ၏ရွာကို ပညာပေးမှုများ စတင်ပြုလုပ်ခဲ့သည်။ လယ်သမားများအခွင့်အရေးနှင့်ပတ်သက်၍ သူမဒေသမှ လွှတ်တော်ကိုယ်စားလှယ်ကို စည်းရုံးရေးဆင်းခဲ့ပြီး လွှတ်တော်တွင်းရှိ တပ်မတော်သားကိုယ်စားလှယ်များအား မေးခွန်းမေးပေးရန် လွှတ်တော်ကိုယ်စားလှယ်ကို တိုက်တွန်းခဲ့သည်။ ဥပဒေအထောက်အကူပြုသူဖြစ်သည့် သူမသည် လယ်ယာမြေသိမ်းဆည်းခံရမှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်၊ လယ်ယာမြေဖော်ထုတ်ရေးကော်မတီ အပြင် အခြားသော သက်ဆိုင်ရာအစိုးရဌာနများနှင့် အဖွဲ့အစည်းများထံ တိုင်ကြားစာများ ရေးသားပေးပို့ခဲ့သည်။ အဆိုပါအမှုနှင့် ပတ်သက်၍ စတင်ဆောင်ရွက်သည့်အခါက သူမသည် စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်ခဲ့ရသည်။

သူမက *"လွန်ခဲ့တဲ့လေးနှစ်လောက်တုန်းက ကျွန်မရဲ့ရပ်ရွာက ကျွန်မဘာတွေလုပ်နေတယ်ဆိုတာမသိကြဘူး။ ကျွန်မက မိန်းမသားတစ်ယောက်ဖြစ်နေတာကြောင့် ကျွန်မကိုမယုံကြည်ကြဘူး။ ဒီအမှုကိုဖြေရှင်းဖို့ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ အလုပ်လို့ သူတို့ထင်ထားကြတယ်။ ယဉ်ကျေးမှုနဲ့ အစဉ်အလာစံနှုန်းတွေကြောင့် ရပ်ရွာက မိန်းမသားတစ်ယောက်ရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားလေ့ရှိတယ်။ ဘာပဲဖြစ်ဖြစ် မြေယာလုပ်ကိုင်ခွင့်တွေမှာ ပါဝင်လာဖို့အတွက် အခြား အမျိုး သမီးအမှုသည်တွေ လုပ်ပိုင်ခွင့်ရလာဖို့ စိတ်ရောကိုယ်ပါနှစ်မြှုပ်လုပ်ကိုင်ရင်း ဒီအခက်အခဲတွေကို ကျွန်မကျော်လွှားနိုင်ခဲ့ပါ တယ်"* ဟု ပြောပြခဲ့သည်။

ယခုဆိုလျှင် အမျိုးသမီးအမှုသည် တစ်ရာကျော်ရှိနေပြီး အချို့ဆိုလျှင် ဥပဒေရေးရာ စွမ်းဆောင်ရည်များ မြင့်မားလာခြင်းကြောင့် ရပ်ရွာအတွင်းမှာပင် စေတနာ့ဝန်ထမ်း အမျိုးသမီးဥပဒေ အထောက်အကူပြုသူများအဖြစ် ဆောင်ရွက်

လျက်ရှိကြသည်။ လုပ်ငန်းအတွေ့အကြုံလေးနှစ်မျှ ကြာမြင့်ပြီးသည့်အခါတွင်မူ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရပ်ရွာလူထုသည် ဒေါ်ဝင်းစန္ဒာထံတွင် အကြံဉာဏ်လာတောင်းရသည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။

သိမ်းဆည်းထားသည့် မြေဧက(၃၈၈)အနက် ဧက(၅၀)ကို ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ပြန်လည်စွန့်လွှတ်ခဲ့ပြီး မူလပိုင်ရှင် လယ်သမား(၁၂)ဦးအတွက် မှတ်ပုံတင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အဆိုပါအမှုကို ဆက်လက်တိုက်ပွဲဝင်နေဆဲ ဖြစ်ပြီး ကျန်ရှိနေသေးသော သိမ်းဆည်းမြေများအတွက် ဥပဒေအထောက်အကူပြုသူမှ ဆက်လက်တောင်းဆို နေရဆဲဖြစ် သည်။ ထိုသို့အမှုတွဲမှာ ဖွင့်လှစ်ဆောင်ရွက်ထားဆဲဖြစ်သော်လည်း ဒေါ်ဝင်းစန္ဒာထွေးက သူမလုပ်ဆောင် ပေးခဲ့သမျှနှင့် ပတ်သက်၍လည်းကောင်း၊ သူမကို ရပ်ရွာခေါင်းဆောင်တစ်ဦး ဖြစ်လာစေသည့် ယခုအမှု၏ ခေါင်းဆောင်မှုအခန်း ကဏ္ဍသစ်အတွက်လည်းကောင်း များစွာဂုဏ်ယူကြောင်းပြောကြားခဲ့သည်။

ယခုဆိုလျှင် သူမသည် မြို့နယ်အဆင့် လယ်ယာမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင် ရွေးချယ်ခံ အဖွဲ့ဝင်တစ်ဦးဖြစ်နေပြီး ပန်းတောင်းမြို့နယ် တောင်သူလယ်သမားသမဂ္ဂ၏ မူလထူထောင်သူတစ်ဦး အဖြစ်လည်း တာဝန်များထမ်းရွက်လျက်ရှိသည်။ ခေါင်းဆောင်နေရာတွင် အမျိုးသမီးများ နေရာယူလာနိုင်ခြင်းကြောင့် မြေယာအခွင့် အရေးလှုပ်ရှားမှုများတွင် အမျိုးသမီးများပါဝင်လာစေရန် စိတ်ဓါတ်ရေးရာ အပြောင်းအလဲများအပေါ်တွင် လည်းကောင်း၊ အခြားအမျိုးသမီးများ ပါဝင်လာစေရန် မြှင့်တင်ပေးရေးအတွက် ခြေလှမ်းမှန်မှန် လျှောက်လှမ်းရေးကို လည်းကောင်း ကြီးမားသည့် အကျိုးသက်ရောက်မှုများရှိလာနိုင်သည်ကို ဤနမူနာဖြစ်ရပ်က စိတ်ခွန်အားများ ဖြစ်ပေါ်စေမည့် ဥပမာ ကောင်းအဖြစ် ဖော်ပြနေသည်။

## ၄.၄ အမျိုးသမီးဥပဒေ အထောက်အကူပြုသူများ ခေါ်ယူတာဝန်ပေးသည့်အခါ မလွဲမသွေ ဖြစ်ပေါ်လာမည့် အတား အဆီးအနည်းငယ်ကို ထည့်သွင်းစဉ်းစားရန်

ယခုသုံးသပ်ချက်အတွက် နှုတ်ထွက်သွားသည့် အမျိုးသမီးဥပဒေအထောက်အကူပြုသူ အနည်းငယ်နှင့် ပြုလုပ်ခဲ့ သည့် တွေ့ဆုံမေးမြန်းမှုတွင် အချိန်ပြည့်အလုပ်လုပ်သူအဖြစ် ကြီးလေးသည့် အိမ်ထောင့်တာဝန်၊ သားသမီးများ ပြုစုစောင့် ရှောက်ရေးတာဝန်နှင့် ဥပဒေအထောက်အကူပြုလုပ်ငန်းများ ဟန်ချက်ညီရန်လိုအပ်သည့်အတွက် လုပ်ငန်းပိုင်းဆိုင်ရာ ယင်းတို့၏အရည်အသွေးအပေါ် ထိခိုက်စေမည့် အမျိုးသမီးများ၏ အရေးကြီးသော အခက်အခဲ များကို ထုတ်ဖော်ပြောပြခဲ့ ကြသည်။ *"ဥပဒေအထောက်အကူပြုသူအလုပ်ဟာ အလွန်ဂုဏ်ယူစရာ ကောင်းတဲ့ အလုပ်ပါ။ ဒါပေမဲ့ အချိန်ပြည့်ဝန်ထမ်း အဖြစ်လုပ်မယ်ဆိုရင်တော့ စိန်ခေါ်မှုတွေရှိလာပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ယောကျ်ားဖြစ်သူက အပြင်မှာအလုပ်ထွက်လုပ်ရင် ကလေးတွေကို ကျွန်မတို့က ကြည့်ရှုစောင့်ရှောက်ရတယ်၊ ပြီးတော့ အိမ်မှုကိစ္စတွေကိုလည်း အချိန်ပေးပြီး လုပ်ကြရတယ်"* ဟု သူတို့က ပြောပြသည်။ ဆက်လက်ပြောဆိုသည်မှာ ***"အခုအချိန်မှာ လူတစ်ဦးတည်းလုပ်စာနဲ့ မလုံလောက်တဲ့ အတွက် အပိုဝင်ငွေလေးရဖို့ ကျွန်မတို့အလုပ်လုပ်ရတယ်"***

အမျိုးသမီးဥပဒေအထောက်အကူပြုသူများအတွက် လုံခြုံရေးအနေအထားအရ သွားရေးလာရေး၊ အမှုသည်နေ ထိုင်ရာ အရပ်ကို ခရီးဝေးသွားရခြင်းဆိုတဲ့ အခက်အခဲများရှိသည်။[14] လုံခြုံရေးအနေအထားကြောင့် သူတို့အနေဖြင့် ခရီးဝေး သွားရောက်ရန် သို့မဟုတ် ညနေပိုင်းအချိန်များတွင် ခရီးသွားရန် မဖြစ်နိုင်ပေ။ ဥပမာအားဖြင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေသည့် နယ်မြေများတွင် မြေအငြင်းပွားမှု၊ မြေသိမ်းယူမှုများအတွက် အရေးပေါ်သွားရောက်ရန်လိုအပ်ပါက တစ်ယောက်တည်းခရီးသွားရခြင်းမျိုးဖြစ်သည်။ ထို့အပြင် ကလေးရှိသည့် မိခင်တစ်ဦးအဖြစ်ဖြင့် အမျိုးသမီးဥပဒေ အထောက်အကူပြုသူများသည် ကလေးနို့တိုက်ရန်အတွက် အချိန်ဇယား အခက်အခဲရှိသည်။

---

*[14] ပြည်နယ်နှင့် တိုင်းဒေသကြီး(၇)ခုမှ ဥပဒေအထောက်အကူပြုသူ(၉၁)ဦးကို ခေါ်ယူအသုံးပြုခဲ့သည်။ ဥပဒေအထောက်အကူပြုသူတစ်ဦးစီသည် သူ/သူမ အလုပ်လုပ်ရမည့်ဒေသမှဖြစ်သည်။ သူတို့အသီးသီးအလုပ်လုပ်ရမည့် နယ်မြေသတ်မှတ်ရာတွင် သာမန်အားဖြင့် သူတို့နေအိမ်မှ နှစ်နာရီမှ သုံး-လေးနာရီ ခရီးသွား ရောက်ရသည့် အကွာအဝေးကိုသတ်မှတ်ပေးသည်။ ဥပဒေအထောက်အကူပြုသူများ အနေဖြင့် ရပ်ရွာပညာပေးပွဲများပြုလုပ်ရန်၊ အမှု၊ မြေကိစ္စများနှင့်ပတ်သက်၍ အမှုသည်များကို တွေ့ဆုံမေးမြန်းရန်နှင့် အကြံပေးခြင်း၊ အမှုနောက်ဆက်တွဲ လုပ်ငန်းများအတွက် အစိုးရရုံးများသို့ အတူလိုက်ပါခြင်း၊ စသည်တို့အကူအညီ ပေးရန်အတွက် (ဖြစ်နိုင်မှုအပေါ်မူတည်၍) ရည်မှန်းချက်နယ်မြေရှိ ကျေးရွာများသို့ တစ်လလျှင် ၂ကြိမ်မှ ၃-ကြိမ် သွားရောက်နိုင်ရန် မျှော်မှန်းထားသည်။*

ဆက်လက်၍ ***"အမှုသည်တွေနေထိုင်ရာအရပ်ပေါ် မူတည်ပြီး ပုံစံအမျိုးမျိုးနဲ့သွား လာရတဲ့အခါ ညနေပိုင်း အိမ်ပြန်မကြာခဏ နောက်ကျလေ့ရှိတယ်"*** ဟုပြောသည်။ ယဉ်ကျေးမှုအရ သွေးမတော်သားမတော် သူစိမ်းယောကျ်ားတစ်ဦးနှင့် ခရီးသွားရန် အခက်အခဲရှိသည်။ မည်သို့ဖြစ်စေ ရေရှည်ကောင်း မွန်သည့်အလုပ် ခန့်ထားမှုပုံစံဖြစ်စေရန်အတွက် Namatiနှင့် လုပ်ဖော်ကိုင်ဖက်များ သည် အမျိုးသမီး ဥပဒေအထောက်အကူပြုသူများ အနေဖြင့် နှစ်ဦးတွဲ၍သော်လည်းကောင်း၊ ဆွေမျိုး တစ်ဦးဦးဖြင့်သော်လည်းကောင်း သွားလာရန်တိုက် တွန်းအားပေးခွင့်ပြုခဲ့သည်။ အလုပ်နားလိုက်သည့် အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှုအရ ယင်းတို့ရရှိသည့် လုပ်ခလစာကို သူတို့အား ကူညီသည့် အမျိုးသမီးတစ်ဦးနှင့် ခွဲဝေခံစားရန် ဆန္ဒရှိ ကြောင်းကိုလည်း သိရှိလာရသည်။ ယင်းမှာ ဥပဒေအထောက်အကူပြုသူများ အသုံးပြုသည့် စီမံချက်တွင် အမျိုးသမီးဥပဒေ အထောက်အကူပြုသူများကို ထိန်းထားနိုင်သည့် အခြားသောရွေးချယ်နိုင်စရာ နည်းလမ်းတစ်ခုဖြစ်သည်။

> အမျိုးသမီးဥပဒေအထောက် အကူပြုသူတစ်ဦးက *"ဥပဒေအထောက်အကူပြုအလုပ်နဲ့ ရှစ်လအရွယ်ကလေးပြုစုရတဲ့အလုပ်၊ အိမ်မှုကိစ္စအလုပ်တွေဟာန် ချက်ညီညီလုပ်နိုင်ဖို့ အချိန်ပေးရတာ ကျွန်မအတွက် အလွန် အခက်အခဲရှိပါတယ်။ အလုပ်အကြောင်း စဉ်းစားလိုက်တာနဲ့ ဖျားများရတော့တာပါပဲ"* ဟုပြောပြသည်။

## ၄. အစိုးရသို့ အကြံပြုချက်များ

၁. **အနာဂါတ်တွင် မြေပိုင်ဆိုင်မှုများ၌ ကျား-မရေးရာခွင့်တူညီမျှမှု ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာစေမည့် ရည်မှန်း ချက်တစ်ရပ် ချမှတ်သွားသင့်သည်။** ထိုသို့ချမှတ်ရန်အတွက် ရှင်းလင်းပြတ်သားသည့် ရည်မှန်းချက်တစ်ရပ်အား ယခုမူကြမ်းရေးဆွဲလျက်ရှိသည့် အမျိုးသားမြေယာဥပဒေတွင် ယင်းအတွက် အကောင်အထည်ဖော်ရန် အခိုင်အမာထည့်သွင်း ရန်လိုအပ်ပါသည်။ ထိုသို့အကောင် အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ချမှတ်ထားသော ရည်မှန်းချက်များသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း(၂၀၁၃-၂၀၂၂)၊ ဘေဂျင်း ပလက်ဖောင်း (Beijing Platform Action (BPA) နှင့် အမျိုးသားမြေအသုံးချရေးရာမူဝါဒ(၂၀၁၆) စသည်တို့နှင့်လည်း သဟဇာတ ဖြစ်ရန်လိုအပ်ပါသည်။ ကျား-မရေးရာ ခွင့်တူညီမျှမှုနှင့် အမျိုးသမီးများ အခွင့်အရေးတို့ကို အဖွဲ့အစည်းဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းတာဝန်များ၊ မူဝါဒများတွင် ပေါင်းစည်းထည့်သွင်းရန် လိုအပ်ပေသည်။ မြေယာစီမံခန့်ခွဲရေး ကော်မတီများဖြစ်ကြသည့် လယ်ယာမြေစီမံခန့်ခွဲရေး (လယ်/စီ) အဆင့်ဆင့်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ကော်မတီ အဆင့်ဆင့်၊ မြေနှင့် ဆက်စပ်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် (လယ်/ဆည်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) စသည့် အဖွဲ့အစည်းများတွင် အဓိကအားဖြင့် ဆုံးဖြတ်ချက် ချမှတ်သောကဏ္ဍများတွင် ကျား-မရေးရာ ခွင့်တူညီမျှမှုအားလည်း အလေးထား ဆောင်ရွက်သင့်ပါသည်။

၂. **ဒေသန္တရမြေယာအုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် ကျား-မကိုယ်စားပြုမှု အနိမ့်ဆုံးအဆင့်အတွက် မဖြစ်မနေပါဝင် ရမည့်ခွဲတမ်း သတ်မှတ်ရန် လိုအပ်ပါသည်။** [15]တာဝန်ယူဆောင်ရွက်နိုင်မည့် သူများဆန္ဒနှင့်အညီ တရားဝင် ကျား-မအချိုးအစား အနိမ့်ဆုံးခွဲတမ်းတစ်ခုသတ်မှတ်၍ ကျား-မအနိမ့်ဆုံးခွဲတမ်းကို အကောင်အထည် ဖော်ခြင်းဖြင့် အရေးကြီးသည့် မြေယာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီများတွင် အရေအတွက်ရော အရည်အသွေးအရပါ ပိုမိုအားကောင်းလာစေ အထောက်အကူဖြစ်စေနိုင်ပါသည်။[16]

(က) နာမတိ (Namati) ၏ ဤမူဒါဒရေးရာ စာတမ်းပြုစုရန်အတွက် ကွင်းဆင်းသုတေသန လုပ်ဆောင်ခဲ့သော ဥပဒေရေးရာ စီမံချက်ရှိသည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသအတွင်း ရရှိခဲ့သော အချက်အလက်များအရ မြေယာစီမံခန့်ခွဲမှုနှင့် ဆက်နွယ်သော အစိုးရဌာနများတွင် ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများ၏ တာဝန်ယူဆောင်ရွက်နေသော ဒေသတွင်း မြေယာတာဝန်ရှိသူများ၏ **၉၄.၈%** မှာ အမျိုးသားများဖြစ်ပြီး အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားရေးရာ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခွင့်ရှိသည့် ဒေသဆိုင်ရာ မြေယာစီမံခန့်ခွဲမှု ကော်မတီများတွင်လည်း အမျိုးသမီးကိုယ်စားပြုမှုအရေအတွက်မှာ **၅.၂%** သာရှိကြောင်းတွေ့ရှိရသည်။ ဤညွှန်းကိန်း ဖော်ပြချက်အရ လက်ရှိ မြေယာစီမံခန့်ခွဲရေးရာများ ဆောင်ရွက်နေသော တာဝန်ရှိသူများအား အကြံပြုလိုသည်မှာ သက္ကရာဇ်-၂၀၂၂ ခုနှစ် အရောက်တွင် အထက်ဖော်ပြပါ ကော်မတီများနှင့် ဌာနဆိုင်ရာများ၌ (ခရိုင်နှင့် မြို့နယ်အဆင့်) အမျိုးသမီးပါဝင်မှု ခွဲတမ်းမှာ အနည်းဆုံး **၂၅%** ရှိရမည်ဖြစ်သည်။

(ခ) အမျိုးသားအဆင့် မြေယာမူဝါဒအား အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်လည်း အမျိုးသားမြေအသုံးမှု ကောင်စီတွင်လည်း ယခု အသစ်ဖွဲ့စည်းထားသော နည်းပညာဆိုင်ရာ အကြံပေးကောင်စီ၌ အရပ်ဖက်အဖွဲ့အစည်းများ နှင့် တောင်သူလယ်သမားရေးရာ ကိုယ်စားလှယ်များ၏ **၂၅%** ကို အမျိုးသမီးများ အတွက်သတ်မှတ်ပေးရန် လိုအပ်ပါသည်။ မြေယာစီမံ အုပ်ချုပ်မှုကဏ္ဍများတွင် အမျိုးသမီးပါဝင်မှုအား တရားဝင်သတ်မှတ်ထားခြင်းဖြင့် အမျိုးသမီးများအတွက် မြေယာအခွင့်အရေးနှင့် မြေယာပိုင်ဆိုင်မှုတွင် တန်းတူအခွင့်အလမ်းများ လက်ရှိအခြေအနေ ထက် ရရှိမှုတိုးတက်မြင့်မား လာစေရန် အထောက်အကူဖြစ်စေနိုင် ပါသည်။

---

*[16] ကျေးရွာပြန်၍ နောက်တစ်ကြိမ်ထပ်မံမှတ်သားစေလိုသည်မှာ မိမိတို့သည် လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ဝန်ကြီးများအရေအတွက် ခွဲတမ်းသတ် မှတ်ခြင်းအပေါ် အစိုးရအားတားဆီးလိုသည့်ဆန္ဒမရှိပေ။ သို့ရာတွင် ယခုအသုံးသပ်ချက်၏ အဓိကအလေးထားမှုမှာ ဒေသန္တရ မြေယာအုပ်ချုပ်စနစ်အတွက် ဖြစ်ပါသည်။*

၃. **ရိုးရာဓလေ့ မြေယာစီမံမှုနှင့် မြေယာပိုင်ဆိုင်ခွင့် အခွင့်အလမ်းများ၌လည်း အမျိုးသမီးများအား တန်းတူညီမျှမှု ရရှိစေရေးအတွက် အာမခံချက်ရှိ စေရန် အစိုးရအနေဖြင့် တရားဝင် လမ်းညွှန်ချက်များ၊ ဥပဒေပြဋ္ဌာန်းချက်များအား အမျိုးသားမြေယာအသုံးချရေးမူဝါဒ(အခန်း-၉)နှင့်အညီ ဆောင်ရွက်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။** မြန်မာနိုင်ငံအစိုးရသည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးကို အသိအမှတ်ပြုထားပြီး လူမျိုးအသီးသီးတွင် ယင်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များရှိကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရိုးရာမြေအသုံးချမှုနှင့် စီမံခန့်ခွဲမှုကို အသိအမှတ်ပြုယုံသာမက ဌာနေတိုင်းရင်းသား အသီးသီးတွင် မတူကွဲပြားသော ရိုးရာဓလေ့ဆိုင်ရာ မြေယာ ပိုင်ဆိုင်ခွင့်၌လည်း ကျား-မရေးရာ ရှုထောင့်မှ မြေရာပိုင်ဆိုင်မှု တန်းတူညီမျှရရှိစေရေးအတွက် တိုင်းရင်းသား မျိုးနွယ်စု အမျိုးသမီးများအား အကာအကွယ်ပေးနိုင်ရန် အတွက် မြေယာဥပဒေများတွင် တရားဝင်အသိအမှတ်ပြုကာ ပိုမိုအားကောင်းလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ မြေယာဥပဒေများတွင် မြေလုပ်ကိုင်ခွင့်၊ အမွေဆက်ခံခွင့်နှင့် အခြားရှုထောင့်အားလုံးအတွက် တန်းတူညီမျှမှုကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းပေး ရန်ဖြစ်သည်။ (ဥပမာ - နာမတိ၏ သုတေသန တွေ့ရှိချက်များအရ မတူညီသော တိုင်းရင်းသား မျိုးနွယ်စု (၅) စုအား မေးမြန်းရာတွင် အချို့သောမျိုးနွယ်စု များဖြစ်သည့်အခါ၊ လားဟူမျိုးနွယ်စုများတွင် ရိုးရာဓလေ့အစဉ်အလာများ ကြောင့် မြေယာပိုင်ဆိုင်ခွင့်အခွင့် အလမ်းဆုံးရှုံးမှုနှင့် အမွေဆက်ခံခွင့်များတွင်လည်း အားနည်းချက်များရှိကြောင်း တွေ့ရှိရပါသည်။) CEDAW သဘောတူညီချက်အရ မြန်မာနိုင်ငံ၏တာဝန်ယူမှုနှင့်အညီ အများပိုင်နှင့် တစ်ဦးချင်း ပိုင်မြေများအတွက် ရိုးရာဓလေ့ ခါးမဦးချမြေ အခွင့်အရေးအတွက် တရားဝင်ပြဋ္ဌာန်းထားသည့် မြေယာဥပဒေများတွင် တရားဝင်အသိအမှတ်ပြုကာ ပိုမိုအားကောင်း လာစေရေးအတွက် ဆောင်ရွက်သွားရန်ဖြစ်သည်။

၄. အမျိုးသားမြေအသုံးချမှု မူဝါဒ အခန်း-၉ ပါ မျိုးသားနှင့် အမျိုးသမီး တူညီသည့် ရပိုင်ခွင့် ရှိသည်ဆိုသော ရည်မှန်း ချက်ဖြစ်သည့်၊အမျိုးသမီးများ၏ မြေယာလုပ်ကိုင်ခွင့် လုံခြုံမှု ရှိစေရေးအတွက် **လယ်ယာမြေပူးတွဲမှတ်ပုံတင် လျှောက်ထား ခြင်းအား ၂၀၁၂ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်း တိကျ ပြတ်သားစွာ ဖော်ပြ ရန်လိုအပ်ပါသည်။** အဘယ်ကြောင့်ဆိုသော် ၂၀၁၂ လယ်ယာမြေဥပဒေတွင် ပူးတွဲပိုင်ဆိုင်မှုကို တားမြစ်ထား ခြင်းမရှိသော်လည်း ယင်းသို့ ပိုင်ဆိုင်မှုအတွက် ခွင့်ပြုကြောင်း တိကျပြတ်သားစွာ ဖော်ပြထားခြင်းမရှိသော ကြောင့်ဖြစ်သည်။ CEDAW သဘောတူစာချုပ်အား လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် မြန်မာအစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး လှုပ်ရှားမှုများကို အရှိန်မြှင့်လုပ်ဆောင်သင့်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ မြေယာအခွင့်အရေးနှင့် ပတ်သက်၍ မူဝါဒနှင့် လက်တွေ့ ဆောင်ရွက်မှုကြား ကွာဟ ချက်များရှိနေဆဲဖြစ်သည်။ အတိအကျဆိုရလျှင် **၂၀၁၂ လယ်ယာမြေဥပဒေ** (၇၅-က) တစ်ဦးတည်းပိုင်ဆိုင်ခွင့် သို့မဟုတ် မြေပူးတွဲပိုင်ဆိုင်ခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်။ (၇၅-ဂ) မြေယာလုပ်ကိုင်ခွင့်နှင့် စီမံခန့်ခွဲမှုအတွက် အမွေဆက်ခံခွင့် တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ မြေယာအခွင့်အရေးနှင့်ပတ်သက်၍ မူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှုကြား ကြီးမားသည့် ကွာဟချက်ရှိနေသည့် အတွက်ကြောင့် ကျား-မရေးရာ မြေယာပိုင်ဆိုင်မှု တန်းတူညီမျှမှုကို ပိုမိုမြန်ဆန်စွာ အကောင် အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် တာဝန်ရှိအစိုးရအနေဖြင့် မြေယာနှင့် ဆက်နွယ်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ကော်မတီများတွင်လည်း မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ နောက်ဆက်တွဲ လမ်းညွှန်ချက်များနှင့် မူဝါဒ လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

နာမတိ(Namati)၏ သုတေသန တွေ့ရှိချက်အရ နစ်ဦးအမည်ပေါက် မြေယာမှတ်ပုံတင်ခြင်း အမှုပေါင်း (၁၃၀) ဆောင်ရွက်ရာတွင် ပျမ်းမျှရက်ပေါင်း (၂၀၃)ရက် ထက်မနည်း ကြာမြင့်ခဲ့ကြောင်း တွေ့ရှိရသည်၊ရပ်ရွာ (၁၈)နေရာတွင် လယ်ယာမြေလုပ်ကိုင်နေသော အမျိုးသမီးအား လူတွေ့မေးမြန်းရာတွင် အများစုမှာ နစ်ဦးအမည်ပေါက် လျှောက်ထား ခြင်းအား မြေယာလုံခြုံမှု အာမခံချက်ရှိရေးအတွက် စိတ်ထားထက်သန်စွာ ရရှိလိုကြောင်း တွေ့ရှိရသည်။ နစ်ဦးအမည်ပေါက် မြေယာမှတ်ပုံတင်လျှောက်ထားရာတွင် ဖြစ်နိုင်ခြေရှိမှုကို အမျိုးသမီးများ သတိပြုမိလာသည်နှင့် အမျှ ရပ်ရွာထဲတွင်လည်း အခြားအမျိုးသမီးများအနေဖြင့် နစ်ဦးအမည်ပေါက် မြေယာမှတ်ပုံတင်ခြင်းအား စိတ်အား ထက်သန်စွာ လျှောက်ထားလာကြကြောင်း တွေ့ရှိရပါသည်။

## ၅. အရပ်ဖက်အဖွဲ့အစည်းများ (CSOs) အတွက် အကြံပြုချက်များ

၁. **ရပ်ရွာအခြေပြုဥပဒေရေးရာ အထောက်အကူပြုစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့ အစည်းများအနေဖြင့် အမျိုးသမီးဥပဒေ အထောက်အကူပြုသူများအား ခေါ်ယူခန့်ထားရေးကို အလေးအနက်ထား ဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။** အကြောင်းမှာမူ အမျိုးသမီးဥပဒေအထောက်အကူပြုသူများ သည် ရပ်ရွာတွင် ကျား-မ တန်းတူညီမျှရေး အတွက် အမျိုးသမီးအခွင့်အရေးများအား လှုပ်ရှားဆောင်ရွက်ရာတွင် စွမ်းဆောင် ရည်ပြည့်ဝသည့် အမျိုးသမီးခေါင်းဆောင်မှု အတွက်စံပြပုဂ္ဂိုလ်များဖြစ်သည်။ ထို့အပြင် အမျိုးဥပဒေရေးရာ အထောက် အကူပြုသူများသည် သူတို့၏ လုပ်ငန်းတွင်သာမက သူတို့နှင့်ဆက်နွယ်သော အခြားအမျိုးသမီး အမှုသည်များအား ကျား-မတန်းတူညီမျှ ကဏ္ဍတွင် တက်ကြွစွာပါဝင်ဆွေးနွေးနိုင်ရန် လှုံ့ဆော်ပေးနိုင်သူများဖြစ် သည်။ ဥပမာအားဖြင့် နာမတိ (Namati) ၏ ရပ်ရွာလူထု ဥပဒေရေးရာ မြေယာစီမံကိန်းတွင် လုပ်ဆောင်နေသော အမျိုးသမီး ဥပဒေရေးရာ အထောက်အကူပြုသူ (၁၅) ယောက်အား တွေ့ဆုံမေးမြန်းရာတွင် သူတို့သည် အမျိုးသားဥပဒေရေးရာ အထောက်အကူပြုသူများထက်တက်ကြွသော အမျိုးသမီးအမှုသည်များကို မြေယာဂဏ္ဍများ တွင် သူတို့၏ရပိုင်ခွင့် အခွင့်အလမ်းများအား တောင်းဆိုရာတွင်သာမက ဥပဒေရေးရာ အသိပညာများ ပိုမိုတိုးပွား လာအောင်လည်း စွမ်းဆောင် ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သည့်အပြင် အမျိုးသမီးအမှုသည်များအား နှစ်ဦးအမည်ပေါက် မြေယာမှတ်ပုံတင် လျှောက်ထားရာတွင်လည်း စည်းရုံးလှုံ့ ဆော်နိုင်သူများဖြစ်ကြောင်း တွေ့ရှိရသည်သာမက မြေယာနှင့်ပတ်သက်သော အခြားအမှုကိစ္စများ တွင်လည်း အမျိုးသားဥပဒေရေးရာ အထောက်အကူပြုသူများနည်းတူ စွမ်းဆောင်နိုင်ကြောင်းတွေ့ရှိရသည်။ အမျိုးသမီး ဥပဒေအထောက်အကူပြုသူများသည် အမျိုးသမီးများအခွင့်အရေးအတွက် အရေးပါသည့် စည်းရုံး တောင်းဆိုသူများ ဖြစ်ကြသည့်အလျောက် အမှုတွဲလုပ်ငန်းများတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုကို မြှင့်တင် ပေးနိုင်စွမ်းရှိကြသည်။ ထို့အပြင် သူတို့သည် စံပြအမျိုးသမီးခေါင်းဆောင်များလည်းဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းတွင် မတူကွဲပြားပြီး အရေးပါသည့် သဘောထားအမြင်များကို ဆောင်ယူလာနိုင်ကြသည်။ သို့ဖြစ်ပါ၍ ဥပဒေရေးရာ စီမံချက်လုပ်ဆောင်နေသော အရပ်ဖက်လူမှုအဖွဲ့ အစည်းများအနေဖြင့် ကျား-မတန်းတူရေးရာ ညီမျှမှုအတွက် လုပ်ဆောင်ရာတွင် အမျိုးသမီး ဥပဒေရေးရာ အထောက်အကူပြုသူများအား လိုအပ်သော ကူညီထောက်ပံ့မှုများ အထူးသဖြင့် စွမ်းဆောင်ရည်မြင့်များအောင် ပြုစုပျိုးထောင်ခြင်း အစီအစဉ်များ ပါဝင်အောင်ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသမီးဥပဒေရေးရာ အထောက်အကူပြုသူများအား ရည်မှန်းချက် ဦးတည်ချက်များချမှတ်ကာ ပူးပေါင်း ပါဝင်လာရေးအတွက် အစီအစဉ်များ ဖော်ဆောင်သင့်ပါသည်။ ထို့အတွက် CSOs များအနေဖြင့် အမျိုးသမီးများ လာရောက်ပူးပေါင်းနိုင်ရေးအတွက် အနိမ့်ဆုံးဦး တည်ချက်များ ချမှတ်ရန်၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် စိတ်ဝင်စား အားထုတ်လာစေမည့် အခြေအနေများကိုလည်း အပြည့်အဝ ဖန်တီးပေးထား ရပေမည်။

၂. **ရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုစီမံချက်များ ဖော်ဆောင်နေသည့် အရပ်ဖက် လူမှုအဖွဲ့ အစည်းများ အနေဖြင့် အမျိုးသမီးဥပဒေရေးရာ အထောက်အကူပြုသူများ ခန့်အပ်ရာတွင် ကြုံတွေ့ရနိုင်သည့် အတားအဆီးများ ကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။** အထူးသဖြင့် အမျိုးသမီးဥပဒေရေးရာ အထောက်အကူ ပြုသူများ၏ ဘေးကင်းလုံခြုံရေးသည် အရေးကြီးသည့်ကိစ္စဖြစ်ပေသည်။ ယင်းတို့၏ အလုပ်တွင် ပို၍တရားဝင် ဖြစ်စေရန် ဥပဒေရေးရာ အထောက်အကူပြုသူများ၏ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာ များအား ဥပဒေရေးရာ အထောက်အကူပြုသူများအား အသိအမှတ်ပြုရေးအတွက် လုပ်ဆောင်ပေးခြင်းများ၊ လုပ်ငန်းဆောင်ရွက်နေစဉ်တွင်လည်း သတ်မှတ်ထားသော စီမံချက်ဝန်ထမ်းကတ်ပြား (သို့) အမည်ရင်ထိုး/ ကတ်ပြား နှင့် (သို့) ဝတ်စုံများ ဝတ်စုံများအသုံးပြုရန် တိုက်တွန်းလိုပါသည်။ ပြောင်းလွယ်ပြင်လွယ်ရှိသော လုပ်ငန်းအချိန်ဇယား ကို သတ်မှတ်ရန်နှင့် ညအိပ်ညနေသွားလာရ မှုမရှိစေရန်အတွက် အမျိုးသမီး ဥပဒေ အထောက်အကူပြုသူများ၏ ရည်မှန်းချက် နယ်မြေများကိုလည်း လျှော့ပေါ့သတ်မှတ်သင့်ပါသည်။ အမျိုးသမီး ဥပဒေ အထောက်အကူ ပြုသူများကို နီးစပ်ရာမြို့နယ်များမှ ခေါ်ယူသင့်သည်။ သို့မှသာခရီးသွားလာ ရသည့်အခါ ဥပဒေအထောက်အကူပြုသူများသည် တစ်ဦးနှင့်တစ်ဦး အတူလိုက်ပါခြင်း၊ အကူအညီ ပေးခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။

**၃. ရပ်ရွာအခြေပြုဥပဒေရေးရာ အမျိုးသမီးအထောက်အကူပြုသူများ ခန့်အပ်ထားသည့် အရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့် စီမံချက်များ ပိုမိုထိရောက်စေရန် အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အကြံပြုပါသည်။**

(က) အမျိုးသမီး ဥပဒေအထောက်အကူပြုသူများ ရပ်ရွာအတွင်း ပထမဦးဆုံး လုပ်ငန်းစတင်သည့်အခါ ရပ်ရွာနှင့်လည်းကောင်း၊ အစိုးရတာဝန်ရှိသူများနှင့်လည်းကောင်း ဦးစွာမိတ်ဆက်ပေးရန်။

(ခ) တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဘာသာစကားများအား ကိုယ်စားပြုမှုမြှင့်တင်ရေးအတွက် လူနည်းစု တိုင်းရင်းသား အမျိုးသမီးများကိုလည်း ဥပဒေအထောက်အကူပြုသူများအဖြစ် စီမံချက်များတွင် ခေါ်ယူတာဝန်ပေးရန် လိုအပ်ပါသည်။

(ဂ) ဥပဒေရေးရာ အထောက်အကူပြု စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ကျား-မ တန်းတူ ပါဝင်မှုရှိသည့် ပိုမိုထိရောက်သော မဟာဗျူဟာများဖြင့် စီမံချက်များ ရေးဆွဲချမှတ်ရန် လိုအပ်ပါသည်၊ သို့မှသာ ပိုမိုကောင်းမွန်သော ကျား-မတန်းတူညီမျှသောရလဒ်များကို ရရှိစေမည်ဖြစ်သည်။

**၄.အသိအမြင်တိုးပွားလာရေး စည်းရုံးလှုံ့ဆော်မှုများကို ပုံမှန်ရပ်ရွာအသိပညာပေးပွဲများတွင် ထည့်သွင်းရန်။**
အမျိုးသမီးများပါဝင်လာမှု၊ ယုံကြည်မှုနှင့် ယင်းတို့၏ရပိုင်ခွင့်များကို နားလည်သိမြင်လာမှုတို့သည့် အရေးပါသည့် အလျောက် အသိအမြင်တိုးပွားလာရေး စည်းရုံးလှုံ့ဆော်မှုများကို ပုံမှန်ရပ်ရွာအသိပညာပေးပွဲများတွင် ထည့်သွင်းရန် ဖြစ်သည်။ အောက်ပါနည်းများအတိုင်း လုပ်ဆောင်နိုင်ပါက ထိုသို့သောအစီအစဉ်များ ပို၍ထိရောက်လာမည်ဖြစ်သည်-

(က) ပညာပေးအစီအစဉ်တွင် သူတို့ကို မေးခွန်းများမေးခြင်းဖြင့် ရပ်ရွာရှိအမျိုးသမီးများ တိုက်ရိုက်ပါဝင်လာစေခြင်း

(ခ) မြေယာအခွင့်အရေး၊ လုပ်ကိုင်ခွင့်တို့နှင့်သက်ဆိုင်သည့် ပညာပေးပွဲများတွင် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီး တို့၏အခန်းကဏ္ဍ၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် အခြားအမျိုးသမီးရေးရာကိစ္စများကဲ့သို့သော အကြောင်းအရာများ ထည့်သွင်းခြင်း၊

(ဂ) ဖြစ်နိုင်လျှင် အမျိုးသမီးဥပဒေအထောက်အကူပြုသူများမှ ဦးဆောင်သည့် သို့မဟုတ် ပူးတွဲဦးဆောင်သည့် ပညာ ပေးပွဲများ မကြာခဏပြုလုပ်ခြင်း၊

(ဃ) အစဉ်အလာတည်ရှိခဲ့သည့် ကျား-မရေးရာအခန်းကဏ္ဍနှင့်ပတ်သက်၍ လူမှုစံနှုန်းများ ပြောင်းလဲကျင့်သုံး နိုင်ရန်အလို့ငှာ အမျိုးသားများကိုလည်း ပါဝင်စေခြင်း။ အမျိုးသားများပါဝင်လာရေးသည် အရေးကြီးသည်၊ အဘယ်ကြောင့်ဆိုသော် အများပြည်သူနှင့် ပုဂ္ဂလိကဘဝနှစ်မျိုးလုံးတွင် အမျိုးသမီးများပါဝင်လာ စေရေးအပေါ်အိမ်ထောင်စု သဘောထားကိုပုံဖော်ရာတွင် အမျိုးသားများ၏သဘောထားက အထူးအရေးပါ သောကြောင့်ဖြစ်သည်။

## အသုံးပြုခဲ့သည့် နည်းလမ်းများ

ယခုသုံးသပ်ချက်ကို အရည်အသွေးအခြေပြုနှင့် အရေအတွက်အခြေပြု သုတေသနလုပ်ငန်းများပေါ်တွင် အခြေတည်ထားပါသည်။ ရိုးရာဓလေ့ဓါးမဦးချစနစ်များနှင့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးတို့ကြား ဆက်စပ်နေမှုများကို လေ့လာဖော်ထုတ်ရန်အတွက် ရှမ်းပြည်နယ်မှအချက်အလက်များကို အသုံးပြုထားသည်။ အသုံးပြုသည့် နည်းလမ်းများတွင် ကွင်းဆင်းသုတေသနလုပ်ငန်း၊ ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲများ(FGD)နှင့် တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများ ပါဝင်သည်။ နောက်ဆက်တွဲသတင်းအချက်အလက်များကို လက်ရှိစာရွက်စာတမ်းများ၊ ပုံနှိပ်ထုတ်ဝေထားမှုများ၊ စီမံချက်အစီရင်ခံစာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေယာစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဝန်ထမ်းအချို့နှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများမှ စုဆောင်းရယူထားပါသည်။ ယခုသုံးသပ်ချက်အတွက် ဆန်းစစ်တင်ပြထားသည့် အရေ အတွက်အခြေပြုအချက်အလက်များကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံတွင် Namati နှင့် လုပ်ဖော်ကိုင်ဖက်များ၏ ဥပဒေအထောက်အကူပြုသူများက ဆောင်ရွက်ခဲ့သည့် ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရခိုင်ပြည်နယ်တောင်ပိုင်းတို့မှ မြေယာအမှုတွဲပေါင်း (၄၅၀၀)ခန့်ကို မှတ်တမ်းပြုစုထားသည့် Namati၏ အချက်အလက်မှတ်တမ်းမှ ရယူပါသည်။ အဆိုပါ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများသည် လယ်သမားများအတွက် Namatiက အကောင်အထည် ဖော်လျက်ရှိသည့် မြေယာအခွင့်အရေးစီမံချက်များပြုလုပ်နေသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်အနည်းငယ်တွင် လုပ်ငန်းဆောင်ရွက်လျက် ရှိကြသည်။ သို့ဖြစ်ရာ ယခုတင်ပြထားသည့် အချက်အလက်များသည် ပုံမှန်စမ်းသပ်ဆောင်ရွက်ချက်များမှ ကောက်နုတ်ထားသည်ဆိုသော်ငြား နယ်မြေတစ်ဝှမ်း လုံးအားလွှမ်းခြုံထားသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဤအချက်အလက်များသည် မြန်မာနိုင်ငံအတွင်းမှ အမျိုးသမီးများ၊ မြေယာအခွင့်အရေးများနှင့် ဆက်စပ်နေသည့် ပြဿနာအားလုံးကို လွှမ်းခြုံထားသည် သို့မဟုတ် ကိုယ်စားပြုသည်ဟု မမှတ်ယူသင့်ပါ။

အမျိုးသားနှင့် အမျိုးသမီးဥပဒေအထောက်အကူပြုသူများကြား ကွဲပြားခြားနားမှု၊ တိုင်းရင်းသားအမျိုးသမီးများအတွက် ရိုးရာဓလေ့ဓါးမဦးချမြေလုပ်ကိုင်ခွင့်နှင့် မြေပိုင်ဆိုင်မှုအတွက် ယင်း၏တူညီသောအခွင့်အလမ်းများ၊ မြေပုံတွဲမှတ်ပုံတင် ကိစ္စများအပေါ် ယင်းတို့အမြင်များကိုသိနားလည်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသမီး ဥပဒေအထောက်အကူပြုသူများနှင့် တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု ရှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးမှ အမျိုးသမီးအမှုသည်များနှင့် အရေးပါသည့်အုပ်စုများဆွေးနွေးပွဲ (၁၈)ကြိမ်ပြုလုပ်ခဲ့ပြီး ယင်းတွင် ဗမာ၊ ရှမ်း၊ အာခါ၊ လားဟူ၊ ဓနု၊ ပအိုဝ်းလူမျိုးများနှင့် ဆွေးနွေးမှုများပါဝင်သည်။ အမျိုးသမီးများ ဦးတည်အုပ်စုဆွေးနွေးပွဲကို အမျိုးသားများပါဝင်ခြင်းမရှိဘဲ ပြုလုပ်ခဲ့သည်။ သို့ရာတွင် အုပ်စုနှစ်စုတွဲ၍ တွေ့ဆုံမေးမြန်းမှုအစီအစဉ်တစ်ခုပြုလုပ်ခဲ့ပြီး ယင်းတွေ့ဆုံမှုတွင် လူနည်းစု ဘာသာ စကားအတွက် အမျိုးသားဘာသာပြန်တစ်ဦး ထားရှိပေးခဲ့သည်။ ဦးတည်အုပ်စုဆွေးနွေးပွဲများအား ကျား-မရေးရာ တစ်ဘက်စောင်းနင်းဖြစ်မှု၊ ချဉ်းကပ်မှုနှင့် လက်တွေ့လုပ်ဆောင်မှုများအပါအဝင် အမျိုးသားနှင့် အမျိုးသမီး ဥပဒေအထောက်အကူပြုသူများအကြား ကွဲပြားခြားနားမှုများ၊ မြေယာလုပ်ပိုင်ခွင့် ပူးတွဲမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် ပြဿနာများ၊ အမျိုးသမီးများအတွက် ဓလေ့ထုံးတမ်းအရမြေယာလုပ်ပိုင်ခွင့်နှင့် မြေယာအခွင့်အရေးအတွက် အမျိုးသမီးများ၏ ဥပဒေရေးရာစွမ်းဆောင်ရည် စသည်တို့ကို ဖော်ထုတ်ဆွေးနွေးရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

# Namati အကြောင်းအကျဉ်းချုပ်

Namati သည် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိရေးကို အလေးထားဆောင်ရွက်နေသည့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကမ္ဘာကြီးတွင် လူပေါင်းသန်းလေးထောင်ခန့်သည် ဥပဒေအကာအကွယ်၏ အပြင်ဘက်တွင် နေထိုင်နေကြရသည်။ Namati သည် ထိုသူများ၏လက်ဝယ်သို့ ဥပဒေများ ရောက်ရှိသွားရေးကို ရည်စူးဆောင်ရွက်လျက် ရှိသည်။ Namati သည် အောက်ခြေလူတန်းစားတို့အတွက် ဥပဒေရေးရာ ဆော်ဩ စည်းရုံးရေးလှုပ်ရှားကို မြှင့်တင်လျက်ရှိပြီး လူတို့၏ နေ့စဉ်ဘဝတွင် စာရွက်ပေါ်ရှိဥပဒေနှင့် ယင်း၏လက်တွေ့ အသုံးချမှုတို့ကြားရှိ ကွာဟချက်ကို ပေါင်းကူးဆက်စပ်ပေးရန်အတွက် လူ့အဖွဲ့အစည်းများနှင့်အတူ အလုပ်လုပ်နေ ကြသည့် ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများအဖြစ်လည်း လူသိများသည်။ Namatiသည် ရပ်ရွာပိုင်မြေများကာကွယ်ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နိုင်ငံသားဖြစ်မှု အခြေခံအခွင့်အရေးများရရှိရေးအတွက် နိုင်ငံပေါင်း (၈)နိုင်ငံတွင် လက်ရှိဆောင်ရွက်ဆဲ အမှုသည်ပေါင်း(၄၀၀၀)ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ Namati သည် ဥပဒေနှင့် အဆိုပါဥပဒေများကို အသုံးပြုမည့်အဖွဲ့အစည်းများ ဖွဲ့စည်းမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ကြီးမားသည့်အတိုင်းအတာဖြင့် ကြိုးပမ်း လုပ်ဆောင်သည့် အောက်ခြေအတွေ့အကြုံများပေါ်တွင် အခြေတည်ထားပါသည်။ Namati သည် ကမ္ဘာလုံးဆိုင်ရာ ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်ရေးကွန်ရက် (Global Legal Empowerment Network)ကိုလည်း စုစည်းထားနိုင်ခဲ့ပြီး ယင်းကွန်ရက်တွင် ဥပဒေရေးရာစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အချိန်ပေးနစ်မြုပ် လုပ်ကိုင်လျက်ရှိသည့် လူပေါင်း (၄၀၀၀)ကျော်နှင့် အဖွဲ့အစည်းပေါင်း(၁၀၀၀)ကျော်ပါဝင်သည်။

Namati သည် ၂၀၁၃-ခု၊ နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံ၌ စီမံကိန်းအစီအစဉ်တစ်ခုနှင့် အဖွဲ့ရုံးကို စတင် ထူထောင်ဖွင့် လှစ်ဆောင်ရွက်ခဲ့ပြီး "ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုမှုဆိုင်ရာ မြေယာအခွင့်အရေးနှင့် အုပ်ချုပ်မှု အစီအစဉ်"ကို ဒေသခံအရပ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး ယင်းအစီအစဉ်သည် မြေမှတ်ပုံတင် ခြင်း၊ မြေအမျိုးအစား ပြန်လည်သတ်မှတ်ခြင်း၊ မြေသိမ်းယူမှုများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအသုံးပြုခြင်း၊ ရပ်ရွာအစုအဖွဲ့ပိုင် သစ်တောအတွက် အသိအမှတ်ပြုလက်မှတ်ရယူခြင်း၊ မြေပူးတွဲ မှတ်ပုံတင်ခြင်း၊ ဒေသန္တရမြေ အငြင်းပွားမှုများကဲ့သို့သော မြေယာအခွင့်အရေးနှင့် စီမံအုပ်ချုပ်မှုကိစ္စများကို အထူးသီးသန့်အလေးထား ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံရှိ စီမံကိန်းသည် (ရှမ်း၊ ရခိုင်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းစသည့်) ပြည်နယ်/တိုင်းဒေသကြီးခြောက်ခုတွင် ဥပဒေအထောက်အကူပြုသူ(၄၅)ဦး၏ ကွန်ရက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာသည်။ မိမိတို့နှင့် လက်ရှိလုပ်ဖော်ကိုင်ဖက် အဖွဲ့များမှာ - နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး လှုပ်ရှားမှု အဖွဲ့ (Civil and Political Rights Campaign Group)၊ သံလွင်သစ္စာနှင့် Green Peasant Institute တို့ဖြစ်ကြသည်။



## ကြေငြာချက်

ယခု မူဝါဒရေးရာ သုတေသန သုံးသပ်ချက်သည် Namati အဖွဲ့ အစည်း၏
လုပ်ဆောင်ချက်နှင့် သုံးသပ်ချက်သာဖြစ်ပြီး ဥရောပသမဂ္ဂနှင့်
ပြိတိသျှကောင်စီအမြင်နှင့်သုံးသပ်ချက်များ
လုံးဝမပါဝင်ပါ။

NAMATI
INNOVATIONS IN LEGAL EMPOWERMENT